ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**ပညာရှိသူနှင့် ပညာမရှိသောသူ**

စည်းစိမ်ဥစ္စာတို့သည် ပညာမရှိသောသူကို ဖျက်ဆီးတတ်ကုန်၏။ သံသရာ၏ ထိုမှာဘက်ကမ်း (နိဗ္ဗာန်)ကို ရှာကုန်သော ပညာရှိတို့ကိုကား မဖျက်ဆီးတတ်ကုန်၊ ပညာမရှိသောသူသည် စည်းစိမ်ဥစ္စာကို တပ်မက်သဖြင့် သူတစ်ပါးတို့ကို ဖျက်ဆီးသကဲ့သို့ မိမိကိုယ်ကို ဖျက်ဆီးတတ်၏။

တဏှာဝဂ် (ဓမ္မပဒ-၃၅၅)

၁၃၈၆ ခုနှစ်၊ နတ်တော်လဆန်း ၁၂ ရက်၊ ကြာသပတေးနေ့။ Thursday, 12 December 2024 ၁၁၆၆၉

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။


**ယနေ့ ဖတ်စရာ**

**တိုင်းဒေသကြီး/ပြည်နယ်အားလုံး အချိုးညီမျှတစွာ ဖွံ့ဖြိုးတိုးတက်ရေး အလေးထားဆောင်ရွက်** စာမျက်နှာ » ၁၀

**အစိုးရ၊ အလုပ်ရှင်နှင့် အလုပ်သမား သုံးပွင့်ဆိုင်လုပ်ငန်းညှိနှိုင်း အစည်းအဝေး ကျင်းပ** စာမျက်နှာ » ၁၁

**အသိဉာဏ်ပညာဖွံ့ဖြိုးဖို့ စာဖတ်ကြပါစို့** ဆောင်းပါး စာမျက်နှာ » ၁၅

**ပြိုင်ပွဲအတွေ့အကြုံများလာတော့ ကစားသမားတွေရဲ့ ယှဉ်ပြိုင်နိုင်စွမ်းတွေလည်း မြင့်မားလာမယ်လို့ ယုံကြည်ပါတယ်။ ဘယ်အားကစားမဆို အမြဲတမ်းလေ့ကျင့်နေမှ အောင်မြင်မှုရရှိမှာ ဖြစ်ပါတယ်** တွေ့ဆုံမေးမြန်း စာမျက်နှာ » ၁၇

**ကြွပ်ကြွပ်အိတ်ထဲက သီလ** စာမျက်နှာ » ၁၉

**တံတားဦးမြို့နယ်ထွက် ရာသီပေါ်ပဲမြစ်များ အရောင်းအဝယ်ကောင်း၍ အကျိုးအမြတ်ရ** စာမျက်နှာ » ၂၁




ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသား မီတာ ၄၀၀ တန်းကျော်အပြေးပြိုင်ပွဲ ဗိုလ်လုပွဲယှဉ်ပြိုင်ကစားစဉ်။

# ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲ ပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်

**နေပြည်တော် ဒီဇင်ဘာ ၁၁**

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲ ပွဲစဉ်များကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ သတ်မှတ်ထားသော အားကစားကွင်း/ရုံများ၌ ဆက်လက်ယှဉ်ပြိုင်ကစားကြသည်။

ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၂၁ နှစ်အောက် ပြေးခုန်ပစ်ပြိုင်ပွဲများကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပရာ အမျိုးသားကြိုးတပ်သံလုံးပစ်ပြိုင်ပွဲ ဗိုလ်လုပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ ဇင်မင်းခန့်က ပထမ၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ဘိုဘိုရှိန်းက ဒုတိယ၊ ရန်ကုန်တိုင်းဒေသကြီးမှ ထက်လင်းဦးက တတိယဆုကိုလည်းကောင်း၊ အမျိုးသမီးကြိုးတပ်သံလုံးပစ်ပြိုင်ပွဲ ဗိုလ်လုပွဲတွင် မကွေးတိုင်းဒေသကြီးမှ

စာမျက်နှာ ၆ ကော်လံ ၁ သို့ ☆




ကြေးမုံ

# တရားမျှတလွတ်လပ်ပြီး ဝါဒဖြူစင်သည့်နိုင်ငံ

မြတ်နိုးဖွယ်ရာ၊ တန်ဖိုးထားဖွယ်ရာ၊ ဂုဏ်ယူဖွယ်ရာကောင်းသည့် မြန်မာနိုင်ငံ၏အခြေအနေကို နိုင်ငံလွတ်လပ်ရေးနှင့်အတူ အတည်ပြုသတ်မှတ်ထားသည့် ယနေ့ထက်တိုင် အဓိဋ္ဌာန်ပြုလျက်ရှိသော နိုင်ငံတော်သီချင်းတွင် အထင်အရှား တွေ့မြင်နိုင်ပါသည်။ မြန်မာနိုင်ငံသည် မည်သည့်ဝါဒဘက်ကိုမျှ ယိမ်းယိုင်ခြင်းမရှိဘဲ မြန်မာတို့၏ မြတ်နိုးဖွယ်ရာ လူမှုဘဝထုံးတမ်းစဉ်လာများနှင့်အညီ အေးချမ်းတည်ငြိမ်စွာ၊ လွတ်လပ်ပွင့်လင်းစွာ အစဉ်ရှင်သန်ဖြစ်ထွန်းလာခဲ့သော နိုင်ငံဖြစ်ပါသည်။

"တရားမျှတ လွတ်လပ်ခြင်းနဲ့မသွေ၊ တို့ပြည်၊ တို့မြေ၊ များလူခပ်သိမ်း ငြိမ်းချမ်းစေဖို့၊ ခွင့်တူညီမျှ၊ ဝါဒဖြူစင်တဲ့ ပြည်၊ တို့ပြည်၊ တို့မြေ၊ ပြည်ထောင်စုအမွေ အမြဲတည်တံ့စေ၊ အဓိဋ္ဌာန်ပြုပေ၊ ထိန်းသိမ်းစို့လေ။" ဟူသည့် သီချင်းစာသားကိုကြည့်မည်ဆိုလျှင် တရားမျှတပြီး လွတ်လပ်သည့် မြန်မာနိုင်ငံတွင် ပြည်သူအားလုံး ငြိမ်းချမ်းသာယာဝပြောစေမည့် အခွင့်အရေးအညီအမျှပေးထားသည့် ဖြူစင်သည့်မူဝါဒရှိပြီးဖြစ်သည်မှာ ထင်ရှားပါသည်။ ထိုမူဝါဒနှင့်အညီ နေထိုင်လာခဲ့ကြသည်မှာလည်း နှစ်ပေါင်းရှည်ကြာလာခဲ့ပြီဖြစ်သည်။ သို့သော် မျက်မှောက်ကာလ၌ ဤသို့ဝါဒဖြူစင်သည့်နိုင်ငံကို ညစ်နွမ်းအောင် အရောင်ဆိုးမှုများရှိနေသည်ကို သတိပြုရမည်ဖြစ်သည်။

မူလက ငြိမ်းချမ်းသာယာဝပြောသော နိုင်ငံဖြစ်သော်လည်း အရောင်ဆိုးခံရမှုများကြောင့် စိတ်ဝမ်းကွဲပြားပြီး မငြိမ်းချမ်းသောအဖြစ်များနှင့် ကြုံတွေ့နေရသည်မှာ ဝမ်းနည်းဖွယ်ဖြစ်သည်။ တိုင်းပြည်သာယာဝပြောရေး၊ တည်ငြိမ်အေးချမ်းရေးအတွက် နိုင်ငံတော်အစိုးရက ဆောင်ရွက်ပေးနေသလို ပြည်သူတစ်ရပ်လုံးကလည်း မူလက သန္နိဋ္ဌာန်ပြုထားသည့်အတိုင်း ဝါဒဖြူစင်သည့်နိုင်ငံ၊ ငြိမ်းချမ်းသာယာဝပြောသည့်တိုင်းပြည်ဖြစ်အောင် ဝိုင်းဝန်းဆောင်ရွက်ကြဖို့လိုပါသည်။ နိုင်ငံတော်အနေဖြင့် နိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားပြည်သူများ၏ အခွင့်အရေးများ တန်းတူညီမျှရရှိရေးနှင့် အမျိုးသားစည်းလုံးညီညွတ်ရေးကို ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိရာ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သည့် ငြိမ်းချမ်းရေးရရှိအောင် အစွမ်းကုန်ကြိုးပမ်းနေပါသည်။

အလားတူ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး လိုလားတောင့်တသည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုဖြစ်ပေါ်လာစေရေးအတွက် နိုင်ငံတော်အနေဖြင့် လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးကို အလေးထားဆောင်ရွက်လျက်ရှိသည်။ ပြည်သူအားလုံးလိုလားသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို မလွဲမသွေ လျှောက်လှမ်းရမည်ဖြစ်သည့်အတွက် လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးကို မဖြစ်မနေအောင်မြင်စွာ ကျင်းပပေးသွားမည်ဖြစ်ကြောင်း နိုင်ငံတော်က အတိအလင်းအသိပေးထားပြီးဖြစ်သည်။

ရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လိုအပ်မည့် တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ လုံခြုံရေးဆိုင်ရာကိစ္စရပ်များ ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်သွားနိုင်ရေးတို့ကို နိုင်ငံတော်အစိုးရက ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ မျက်မှောက်ကာလတွင် ပြည်ပမှသွေးထိုးလှုံ့ဆော်မြှောက်ပင့်ကူညီမှုနှင့် ပြည်တွင်း၌ ဖျက်ဆီးနှောင့်ယှက်သူများကြောင့် တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး ထိခိုက်ပျက်ပြားမှုများရှိနေသည်ကို တွေ့ရမည်ဖြစ်သည်။ နိုင်ငံအတွင်း တည်ငြိမ်အေးချမ်းမှုပျက်ပြားအောင် လုပ်ဆောင်နေခြင်းသည် တိုင်းရင်းသားပြည်သူများရရှိမည့် လွတ်လပ်ခွင့်နှင့် လူ့အခွင့်အရေးများ ပျက်ပြားအောင်၊ ပျက်စီးအောင် ဖျက်ဆီးနေခြင်းပင်ဖြစ်သည်။ တိုင်းရင်းသားပြည်သူများရရှိမည့် လူ့အခွင့်အရေးများကို လက်နက်ကိုင်အကြမ်းဖက်သည့်နည်းလမ်းများဖြင့် အနိုင်ကျင့်ချိုးဖောက်နေခြင်းဖြစ်သည်။

၂၀၂၄ ခုနှစ် (၇၆)နှစ်မြောက် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးနေ့အတွက် ကုလသမဂ္ဂ၏ ဆောင်ပုဒ်မှာ "တို့အခွင့်အရေး၊ တို့အနာဂတ်၊ ယခုကစလို့ ဆောင်ကြဉ်းအပ်"ဟူ၍ဖြစ်သည်။ အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးနေ့ ဆောင်ပုဒ်ပါအတိုင်း မြန်မာနိုင်ငံရှိ တိုင်းရင်းသားပြည်သူအားလုံး၏ အခွင့်အရေး၊ တိုင်းရင်းသားပြည်သူအားလုံး၏ အနာဂတ်များ ကောင်းမွန်စွာဖြစ်ပေါ်လာရေးအတွက် လူ့အခွင့်အရေးစံနှုန်းများကို လေးစားလိုက်နာခြင်းဖြင့် ပိုမိုကောင်းမွန်သည့်အနာဂတ်ကို ယနေ့မှစ၍ ဖန်တီးတည်ဆောက်ကြရမည်ဖြစ်သည်။ ယနေ့ကမ္ဘာကြီးတွင် မငြိမ်သက်မှုနှင့် ပဋိပက္ခများအပါအဝင် အခက်အခဲပေါင်းများစွာ ရင်ဆိုင်နေရသည်။ အခက်အခဲများကို ကျော်လွှားနိုင်ရန်အတွက် လူအချင်းချင်းတန်ဖိုးထားပြီး တစ်ဦးအပေါ်တစ်ဦး စာနာကြရန်၊ ငြိမ်းချမ်းသာယာဝပြောသော လူ့ဘောင်တည်ဆောက်ကြရန် လိုအပ်ပါသည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံတွင် မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးများ အားလုံး တန်းတူညီမျှ အခွင့်အရေးများရရှိရေးနှင့် အေးချမ်းသာယာဝပြောစွာ နေထိုင်နိုင်ရန်အတွက် တစုတစည်းတည်း စည်းလုံးညီညွတ်မှုဖြင့် အခက်အခဲ၊ အနှောင့်အယှက်၊ အဖျက်အဆီးများကို တိုက်ဖျက်ကျော်လွှားကြရမည်ဖြစ်ပါကြောင်း။ ။




## စာရေးဝန်ထမ်းသင်တန်း အမှတ်စဉ်(၂၁၁) သင်တန်းဆင်းပွဲအခမ်းအနား ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၁**

နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) စာရေးဝန်ထမ်းသင်တန်း အမှတ်စဉ် (၂၁၁) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် အဆိုပါတက္ကသိုလ် စစ်ရေးပြကွင်း၌ ကျင်းပသည်။

အခမ်းအနားသို့ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူး/ ပါမောက္ခများ၊ သင်ကြားစီမံဌာနများမှ တာဝန်ရှိသူများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် သင်တန်းဆင်းတပ်ခွဲက ပါမောက္ခချုပ်အား အလေးပြုကြပြီး သင်တန်းသားစံပြဆု၊ သင်တန်းသူစံပြဆု၊ သေနတ်ပစ်ထူးချွန်ဆု၊ စစ်ရေးပြထူးချွန်ဆုရရှိသူများနှင့် သင်တန်းဆင်း အောင်လက်မှတ်များကို ပေးအပ်ချီးမြှင့်ကြပြီး ပါမောက္ခချုပ်က သင်တန်းဆင်းအမှာစကား ပြောကြားသည်။

စာရေးဝန်ထမ်း သင်တန်းအမှတ်စဉ်(၂၁၁)သို့ သင်တန်းသား ၁၀၇ ဦး၊ သင်တန်းသူ ၂၂၁ ဦး စုစုပေါင်း ၃၂၈ ဦးတက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ၁၀ ပတ်ကြာ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှား

**နေပြည်တော် ဒီဇင်ဘာ ၁၁**

၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၁၁ ရက်နေ့ မြန်မာစံတော်ချိန် ၁၀ နာရီ ၂၆ မိနစ် ၂၀ စက္ကန့်အချိန်တွင် ကျိုင်းတုံမြေငလျင်စခန်းမှ တောင်-အရှေ့တောင်ဘက် မိုင် ၂၀ ခန့် ကွာဝေးသော မြန်မာနိုင်ငံ ပြည်တွင်း မိုင်းဖြတ်မြို့၏ အနောက်မြောက်ဘက် မိုင် ၂၀ ခန့်အကွာ မြောက်လတ္တီတွဒ် ၂၁ ဒသမ ၀၁ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၉ ဒသမ ၆၅ ဒီဂရီ၊ အနက် ၃၈ ကီလိုမီတာခန့်ကို ဗဟိုပြု၍ အင်အားရစ်(ချ်)တာစကေး ၃ ဒသမ ၁ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

**မိုး/ဇလ**

**သင့်စီးပွားရေးလုပ်ငန်းများအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့။**

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၁ - ၁၂ - ၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၄၀၀ | ၈,၄၀၀ | ၁၃၅ | ၁,၁၃၄,၀၀၀ |
| MTSH | ၃,၁၅၀ | ၃,၂၀၀ | ၂၅၈ | ၈၂၀,၅၅၀ |
| MCB | ၈,၃၀၀ | ၈,၂၀၀ | ၁၁ | ၉၀,၃၀၀ |
| FPB | ၁,၉၀၀ | ၁,၉၅၀ | ၉၁၁ | ၁,၇၄၀,၉၅၀ |
| TMH | ၃,၀၀၀ | ၃,၀၀၀ | ၂၆၅ | ၇၉၅,၀၀၀ |
| EFR | ၁,၇၀၀ | ၁,၇၀၀ | ၇၃၀ | ၁,၂၄၁,၀၀၀ |
| AMATA | ၄,၄၀၀ | ၄,၄၀၀ | ၃ | ၁၃,၂၀၀ |
| MAEX | ၃,၁၀၀ | ၃,၁၀၀ | ၁,၁၇၂ | ၃,၆၃၃,၂၀၀ |
| MADPL(PLB) | ၃,၂၅၀ | ၃,၂၅၀ | ၁၀၁ | ၃၂၈,၂၅၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းနိုင်
ခေတ္တ စာတည်းမှူး - ဦးအေဝမ်းစိုး
စာတည်းများ - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမှ္စဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမှ္စဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဝန်ကြီးဌာနအဆင့်နှင့် ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားများသို့ တက်ရောက်အားပေးချီးမြှင့်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးညိုစော ဝန်ကြီးဌာနအဆင့် ဂေါက်သီးရိုက်ပြိုင်ပွဲ အသင်းလိုက်(အကျောပေး)ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာနအသင်းမှ ပြိုင်ပွဲဝင်များအား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ဝန်ကြီးဌာနအဆင့် ဂေါက်သီးရိုက်ပြိုင်ပွဲ အသင်းလိုက်(အကျောမဲ့)ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းမှ ပြိုင်ပွဲဝင်များအား ဆုပေးအပ်ချီးမြှင့်စဉ်။

**နေပြည်တော် ဒီဇင်ဘာ ၁၁**

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော် ဝန်ကြီးဌာနအဆင့်နှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် ပြိုင်ပွဲများ၏ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားများကို ယနေ့တွင် နေပြည်တော်ရှိ သက်ဆိုင်ရာ အားကစားကွင်းနှင့် အားကစားရုံများ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင်များ တက်ရောက် ကြည့်ရှုအားပေးပြီး ဆုများချီးမြှင့်ကြသည်။

ဦးစွာ ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော် ဝန်ကြီးဌာနအဆင့် ဂေါက်သီးရိုက် ပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ မြို့တော်ဂေါက်ကွင်း၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးညိုစော၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ပြည်ထဲရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင် စုဝန်ကြီး ဦးဝင်းရှိန်၊ ဒုတိယဝန်ကြီး ချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြများနှင့် အားကစားသမားများ တက်ရောက်ကြသည်။



ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် ဝန်ကြီးဌာနအဆင့် ဂေါက်သီးရိုက်ပြိုင်ပွဲ တစ်ဦးချင်း(အကျောမဲ့)ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ ပြိုင်ပွဲဝင်အား ဆုပေးအပ်ချီးမြှင့်စဉ်။



ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ဝန်ကြီးဌာနအဆင့် ဂေါက်သီးရိုက်ပြိုင်ပွဲ တစ်ဦးချင်း(အကျောပေး)ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ ပြိုင်ပွဲဝင်အား ဆုပေးအပ်ချီးမြှင့်စဉ်။

အခမ်းအနားတွင် မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကိုကိုအေးက Hole in One Prize ဆုရရှိသည့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အသင်းမှ ဦးမျိုးလွင်ဦးအား ဂုဏ်ပြုဆုနှင့် အမျိုးသား အားကစားပွဲတော် အထိမ်းအမှတ်အရုပ်ကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက တစ်ဦးချင်း (အကျောပေး)ပြိုင်ပွဲတွင် ပထမဆုရရှိသည့်ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဆုရရှိသည့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် တတိယဆုရရှိသည့် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနအသင်းတို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း၊ ဒုတိယဝန်ကြီးချုပ်နှင့် **စာမျက်နှာ ၄ သို့** ❖

❖ စာမျက်နှာ ၃ မှ

ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က တစ်ဦးချင်း (အကျောမဲ့)ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဆုရရှိသည့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် တတိယဆုရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာနအသင်းတို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့်အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်ကို ပေးအပ်ချီးမြှင့်ကြသည်။

**ပေးအပ်ချီးမြှင့်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဗိုလ်ချုပ်ကြီးညိုစောက အသင်းလိုက်(အကျောပေး) ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဆုရရှိသည့် ပြည်ထဲရေး ဝန်ကြီးဌာနနှင့် တတိယဆုရရှိသည့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က အသင်းလိုက် (အကျောမဲ့)ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဆုရရှိသည့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် တတိယဆုရရှိသည့် အလုပ်သမားဝန်ကြီးဌာနအသင်းတို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့်အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်ကို ပေးအပ်ချီးမြှင့်ကြသည်။

အလားတူ ပြည်နယ်နှင့်တိုင်းဒေသကြီး ဖူဆယ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ ဖူဆယ်အားကစားရုံ၌ ကျင်းပရာ ဒုတိယဝန်ကြီး ဦးထိန်လင်းက အမျိုးသမီးဖူဆယ်ပြိုင်ပွဲတွင် တတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးအသင်းမှ ပြိုင်ပွဲဝင်များအားလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်က ဒုတိယဆုရရှိသည့် ကချင်ပြည်နယ်အသင်းမှ ပြိုင်ပွဲဝင်များအားလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ခွဲဘူက ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းမှ ပြိုင်ပွဲဝင်များအားလည်းကောင်း တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်ကို ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးဇင်မင်းထက်က အမျိုးသားဖူဆယ်ပြိုင်ပွဲတွင် တတိယဆုရရှိသည့် တနင်္သာရီတိုင်းဒေသကြီးအသင်းမှ ပြိုင်ပွဲဝင်များအားလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်က ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး အသင်းမှ ပြိုင်ပွဲဝင်များအား လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက ပထမဆုရရှိသည့် ရှမ်းပြည်နယ်အသင်းမှ ပြိုင်ပွဲဝင်များကိုလည်းကောင်း တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့်အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်ကို ပေးအပ်ချီးမြှင့်ကြသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး ဂျူဒိုပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း(C)ရုံ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များဖြစ်ကြသည့် ဒေါ်ခွဲဘူ၊ ဦးရွှေကြိမ်းနှင့် ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြများနှင့် အားကစားသမားများ တက်ရောက်ကြသည်။

ထို့နောက် ပြည်နယ်နှင့်တိုင်းဒေသကြီး ဂျူဒိုပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပရာ ကချင်ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးမိုးမင်းသိန်းက ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးနှင့် ပူးတွဲတတိယဆုရရှိသည့် ကချင်ပြည်နယ်နှင့် ကရင်ပြည်နယ်အသင်းတို့အား လည်းကောင်း၊ ဒုတိယဝန်ကြီး ဦးဇင်မင်းထက်က အမျိုးသမီး ဂျူဒိုသရုပ်ပြပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကချင်ပြည်နယ်၊ ဒုတိယဆုရရှိသည့် မွန်ပြည်နယ်နှင့် ပူးတွဲတတိယဆုရရှိသည့် ရခိုင်ပြည်နယ်နှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းတို့မှပြိုင်ပွဲဝင်များအားလည်းကောင်း တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့်အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်ကို ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဒေါက်တာ မိုးဇော်ထွန်းက အမျိုးသား( -၆၆ ကီလိုတန်း ) ဂျူဒိုအတိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကချင်ပြည်နယ်၊ ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးနှင့် ပူးတွဲတတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်အသင်းတို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း၊ ဒုတိယဝန်ကြီး ဦးအေးကျော်က အမျိုးသား (-၆၀ ကီလိုတန်း) ဂျူဒိုအတိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ကချင်ပြည်နယ်နှင့် ပူးတွဲတတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်အသင်းတို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့်အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ် အရုပ်ကို ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက အမျိုးသား (-၇၃ ကီလိုတန်း) ဂျူဒိုအတိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရှမ်းပြည်နယ်၊ ဒုတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးနှင့် ပူးတွဲတတိယဆုရရှိသည့် ပြည်ထောင်စုနယ်မြေနေပြည်တော်နှင့် ကချင်ပြည်နယ်အသင်းတို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက အမျိုးသား (-၆၆ ကီလိုတန်း) ဂျူဒိုအတိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ကရင်ပြည်နယ်နှင့် ပူးတွဲတတိယဆုရရှိသည့် ရခိုင်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီး အသင်းတို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်ဒေါက်တာသီတာဦးက အမျိုးသမီး (- ၄၅ ကီလိုတန်း) ဂျူဒိုအတိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကချင်ပြည်နယ်၊ ဒုတိယဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးနှင့် ပူးတွဲတတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်ကို ပေးအပ်ချီးမြှင့်ကြသည်။

စာမျက်နှာ ၅ သို့ ❖



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ခွဲဘူ ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသမီးဖူဆယ်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းမှ ပြိုင်ပွဲဝင်များအား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရွှေကြိမ်း ပြည်နယ်နှင့်တိုင်းဒေသကြီး အဆင့် အမျိုးသမီး (-၅၂ ကီလိုတန်း) ဂျူဒိုအတိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်အား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရန်ကျော် ပြည်နယ်နှင့်တိုင်းဒေသကြီး အဆင့် အမျိုးသမီး(-၄၈ ကီလိုတန်း) ဂျူဒိုအတိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကချင်ပြည်နယ်မှ ပြိုင်ပွဲဝင်အား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင် ပြည်နယ်နှင့်တိုင်းဒေသကြီး မြန်မာ့သိုင်းပြိုင်ပွဲ လက်ထောက်နည်းပြအဆင့် အမျိုးသားတစ်ကိုယ်တော်တုတ်ရှည်စွမ်းရည်ပြပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်အား ဆုပေးအပ်ချီးမြှင့်စဉ်။



မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကိုကိုအေး Hole in One Prize ဆုရရှိသည့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနမှ ဦးမျိုးလွင်ဦးအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။

❖ စာမျက်နှာ ၄ မှ

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဦးရန်ကျော်က အမျိုးသမီး (-၄၈ ကီလိုတန်း) ဂျူဒိုအတိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကချင်ပြည်နယ်၊ ဒုတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးနှင့် ပူးတွဲတတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များအား လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဦးရွှေကြိမ်းက အမျိုးသမီး (-၅၂ ကီလိုတန်း) ဂျူဒိုအတိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် မွန်ပြည်နယ်နှင့် ပူးတွဲတတိယဆုရရှိသည့် ချင်းပြည်နယ်နှင့် ကချင်ပြည်နယ်အသင်းတို့မှ ပြိုင်ပွဲဝင်များအား လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒေါ်ဒွဲဘူက အမျိုးသမီး (-၅၇ ကီလိုတန်း) ဂျူဒိုအတိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ကချင်ပြည်နယ်နှင့် ပူးတွဲတတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်အသင်းတို့မှ ပြိုင်ပွဲဝင်များအား လည်းကောင်း တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့်အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ်အရုပ်ကို ပေးအပ်ချီးမြှင့်ကြသည်။

### ဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်ကို ပေးအပ်ချီးမြှင့်

ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် မြန်မာ့သိုင်းပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ရွှေကြာပင် အားကစားကွင်း၌ ကျင်းပရာ မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးရဲမြင့်က တွဲဖက်နည်းပြအဆင့် အမျိုးသား တစ်ကိုယ်တော် လက်သိုင်းစွမ်းရည်ပြ ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် စစ်ကိုင်းတိုင်း ဒေသကြီးနှင့် တတိယဆုရရှိသည့် ရှမ်းပြည်နယ်အသင်းတို့မှ ပြိုင်ပွဲဝင်များအား လည်းကောင်း၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးက တွဲဖက်နည်းပြအဆင့် အမျိုးသား တစ်ကိုယ်တော် ဓားတစ်လက်စွမ်းရည်ပြပြိုင်ပွဲတွင် ပထမဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး အသင်းတို့မှ ပြိုင်ပွဲဝင်များအား လည်းကောင်း တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့်အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ်အရုပ်ကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် မွန်ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးစောကြည်နိုင်က လက်ထောက်နည်းပြအဆင့် အမျိုးသမီး တစ်ကိုယ်တော် ဓားနှစ်လက်စွမ်းရည်ပြပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရှမ်းပြည်နယ်၊ ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် တနင်္သာရီတိုင်းဒေသကြီး အသင်းတို့မှ ပြိုင်ပွဲဝင်များအား လည်းကောင်း၊ နေပြည်တော်ကောင်စီ အဖွဲ့ဝင် ဦးမြင့်စိုးက လက်ထောက်နည်းပြအဆင့် အမျိုးသမီး တစ်ကိုယ်တော် တုတ်ရှည်စွမ်းရည်ပြပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရှမ်းပြည်နယ်၊ ဒုတိယဆုရရှိသည့် ရန်ကုန် တိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် မကွေးတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များအား လည်းကောင်း၊ ခွဲမှူးဆရာအဆင့် အမျိုးသားတစ်ကိုယ်တော် လှံရှည်စွမ်းရည်ပြ ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ရှမ်းပြည်နယ်အသင်းတို့မှ ပြိုင်ပွဲဝင်များအား လည်းကောင်း တစ်ဦးချင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသား အားကစားပွဲတော် အထိမ်းအမှတ်အရုပ်ကို ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးမင်းသူက ခွဲမှူးဆရာအဆင့် အမျိုးသမီးတစ်ကိုယ်တော် လှံရှည်စွမ်းရည်ပြပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ရှမ်းပြည်နယ်နှင့် တတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များအား လည်းကောင်း၊ တွဲဖက်နည်းပြအဆင့် အမျိုးသမီး တစ်ကိုယ်တော်လက်သိုင်း စွမ်းရည်ပြပြိုင်ပွဲတွင် ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် မကွေးတိုင်းဒေသကြီး အသင်းတို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း တစ်ဦးချင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသား အားကစားပွဲတော် အထိမ်းအမှတ်အရုပ်ကို ပေးအပ်ချီးမြှင့်ကြသည်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့် ပြေးခုန်ပစ်ပြိုင်ပွဲ အမျိုးသား မီတာ ၁၀၀၀၀ ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရှမ်းပြည်နယ်မှ ပြိုင်ပွဲဝင်အား ဆုပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့် အမျိုးသား ဖူဆယ်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရှမ်းပြည်နယ်အသင်းမှ ပြိုင်ပွဲဝင်များအား ဆုပေးအပ်ချီးမြှင့်စဉ်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံက တွဲဖက်နည်းပြအဆင့် အမျိုးသမီး တစ်ကိုယ်တော် ဓားတစ်လက်စွမ်းရည်ပြပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ကရင်ပြည်နယ်နှင့် တတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီး အသင်းတို့မှ ပြိုင်ပွဲဝင်များအား လည်းကောင်း၊ အမျိုးသား၊ အမျိုးသမီး လက်နက်မဲ့/ဓားမြှောင်အတွဲလိုက်စွမ်းရည်ပြပြိုင်ပွဲတွင် ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ပြည်ထောင်စုနယ်မြေနေပြည်တော်နှင့် တတိယဆုရရှိသည့် ရှမ်းပြည်နယ်အသင်းတို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့်အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်ကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က အမျိုးသား၊ အမျိုးသမီး လက်နက်မဲ့/ဓားမြှောင်/ဓားရှည် အတွဲလိုက်စွမ်းရည်ပြပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ရှမ်းပြည်နယ်နှင့် တတိယဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း၊ လက်ထောက်နည်းပြအဆင့်အမျိုးသားတစ်ကိုယ်တော် ဓားနှစ်လက်စွမ်းရည်ပြပြိုင်ပွဲတွင် ပထမဆုရရှိသည့် မကွေးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ရှမ်းပြည်နယ်နှင့် တတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များအား လည်းကောင်း တစ်ဦးချင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသား အားကစားပွဲတော် အထိမ်းအမှတ်အရုပ်ကို ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ခွန်စံလွင်က လက်ထောက်နည်းပြအဆင့် အမျိုးသားတစ်ကိုယ်တော် တုတ်ရှည်စွမ်းရည်ပြ ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် မွန်ပြည်နယ်နှင့်တတိယဆုရရှိသည့် ရှမ်းပြည်နယ်အသင်းတို့မှ ပြိုင်ပွဲဝင်များအား လည်းကောင်း၊ အမျိုးသား၊ အမျိုးသမီး (လက်နက်မဲ့/ဓားမြှောင်/ ဓားရှည်/ တုတ်ရှည်) အတွဲလိုက်စွမ်းရည်ပြပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကချင်ပြည်နယ်၊ ဒုတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ရှမ်းပြည်နယ်အသင်းတို့မှ ပြိုင်ပွဲဝင်များအား လည်းကောင်းတစ်ဦးချင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသား အားကစားပွဲတော် အထိမ်းအမှတ်အရုပ်ကို ပေးအပ်ချီးမြှင့်ကြသည်။



ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် အမျိုးသမီး ဖူဆယ်ပြိုင်ပွဲတွင် ဒုတိယဆု ရရှိသည့် ကချင်ပြည်နယ် အသင်းမှ ပြိုင်ပွဲဝင်များအား ဆုပေးအပ်ချီးမြှင့်စဉ်။

ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် အသက် ၂၀ နှစ်အောက် ပြေးခုန်ပစ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကိုဝဏ္ဏသိဒ္ဓိဘောလုံးကွင်း၌ ကျင်းပရာ ဒုတိယဝန်ကြီး ဦးဇင်မင်းထက်က အမျိုးသမီး ကြိုးတပ်သံလုံးပစ် ပြိုင်ပွဲတွင် ပထမနှင့် ဒုတိယဆုရရှိသည့် မကွေးတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ရှမ်းပြည်နယ်အသင်းတို့မှ ပြိုင်ပွဲဝင်များအား လည်းကောင်း၊ ဒုတိယဝန်ကြီး ဦးမင်းမင်းက အမျိုးသမီး သုံးဆင့်ခုန်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ပြည်ထောင်စုနယ်မြေနေပြည်တော်နှင့် တတိယဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များအား လည်းကောင်း တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့်အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ်အရုပ်ကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက အမျိုးသား ကြိုးတပ်သံလုံးပစ် ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် စစ်ကိုင်း တိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များအား လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းက အမျိုးသမီး မီတာ ၁၀၀၀၀ ပြိုင်ပွဲတွင် ပထမဆုရရှိသည့် တနင်္သာရီတိုင်းဒေသကြီး၊ ဒုတိယနှင့်တတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးတို့မှပြိုင်ပွဲဝင်များအားလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက အမျိုးသား မီတာ ၁၀၀၀၀ ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရှမ်းပြည်နယ်၊ ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ကချင်ပြည်နယ်အသင်းတို့မှ ပြိုင်ပွဲဝင်များအား လည်းကောင်း တစ်ဦးချင်း ဂုဏ်ပြုဆုတံဆိပ်နှင့်အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ်အရုပ်ကို ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ကျန်ရှိသည့် ပြေးခုန်ပစ် အားကစားပြိုင်ပွဲများကိုသတ်မှတ်ထားသည့်အားကစားနည်းများအလိုက် ကျင်းပ၍ ဆုရရှိသည့် ပြည်နယ်နှင့် တိုင်းဒေသကြီးကိုယ်စားပြု ပြိုင်ပွဲဝင်များအား ဆုများပေးအပ်ချီးမြှင့်ရာ မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ် အတွင်းရေးမှူး ဦးကျော်ထူးအောင်က အမျိုးသားသုံးဆင့်ခုန်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ကချင်ပြည်နယ်နှင့် တတိယဆုရရှိသည့် ရှမ်းပြည်နယ်အသင်းတို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း၊ အမျိုးသမီး မီတာ ၄၀၀ တန်းကျော် အပြေးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရှမ်းပြည်နယ်၊ ဒုတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် တနင်္သာရီတိုင်းဒေသကြီး အသင်းတို့မှပြိုင်ပွဲဝင်များအားလည်းကောင်း တစ်ဦးချင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသား အားကစားပွဲတော် အထိမ်းအမှတ်အရုပ်ကို ပေးအပ်ချီးမြှင့်ကြသည်။ **သတင်းစဉ်**



ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသမီး မီတာ ၄၀၀ တန်းကျော်ပြိုင်ပွဲ ဗိုလ်လုပွဲတွင် ပါဝင်ယှဉ်ပြိုင်နေကြသည့် အားကစားသမားများကို တွေ့ရစဉ်။

☆ ရှေ့ဖုံးမှ
သဲအိထွေးက ပထမ၊ မကွေးတိုင်းဒေသကြီးမှ ဝင်းအိဖြိုး က ဒုတိယ၊ ချင်းပြည်နယ်မှ ထန်ဒိမ့်ခိုင်က တတိယဆုကိုလည်းကောင်း ရရှိခဲ့ကြသည်။

အမျိုးသား မီတာ ၁၀၀၀၀ အပြေးပြိုင်ပွဲ ဗိုလ်လုပွဲတွင် ရှမ်းပြည်နယ်မှ ကျော်မင်းအောင်က ပထမ၊ ရန်ကုန်တိုင်းဒေသကြီးမှ မြတ်ဝင်းလှိုင်က ဒုတိယ၊ ကချင်ပြည်နယ်မှ ဂျိုဆာစီ က တတိယဆုကိုလည်းကောင်း၊ အမျိုးသမီး မီတာ ၁၀၀၀၀ အပြေးပြိုင်ပွဲ ဗိုလ်လုပွဲတွင် တနင်္သာရီတိုင်းဒေသကြီးမှ အိအိဝိုင်းက ပထမ၊ ပဲခူးတိုင်းဒေသကြီးမှ မေမြတ်နိုးဇင်က ဒုတိယ၊ ပဲခူးတိုင်းဒေသကြီးမှ မေမြတ်နိုးခင်က တတိယဆုကိုလည်းကောင်း ရရှိခဲ့ကြသည်။

**အမျိုးသား သုံးဆင့်ခုန် ဗိုလ်လုပွဲ**

အမျိုးသား သုံးဆင့်ခုန် ဗိုလ်လုပွဲတွင် ဧရာဝတီတိုင်းဒေသကြီးမှ လှမျိုးနိုင်က ပထမ၊ ကချင်ပြည်နယ်မှ နေဇော်လင်းက ဒုတိယ၊ ရှမ်းပြည်နယ်မှ ဟိန်းထက်အောင်က တတိယဆုကိုလည်းကောင်း၊ အမျိုးသမီး သုံးဆင့်ခုန် ဗိုလ်လုပွဲတွင် ဧရာဝတီတိုင်းဒေသကြီးမှ အိအိဖြိုးက ပထမ၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်မှ အေးအေးမိုးက ဒုတိယ၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ပြည့်ဖြိုးမေက တတိယဆုကိုလည်းကောင်း ရရှိခဲ့ကြသည်။

အမျိုးသား မီတာ ၄၀၀ တန်းကျော်ပြိုင်ပွဲ ဗိုလ်လုပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးမှ မျိုးမင်းထွန်းက ပထမ၊ မန္တလေးတိုင်းဒေသကြီးမှ နန္ဒကျော်က ဒုတိယ၊ တနင်္သာရီတိုင်းဒေသကြီးမှ ရင်ဟုန်စိုးက တတိယဆုကို လည်းကောင်း၊ အမျိုးသမီး မီတာ ၄၀၀ တန်းကျော်ပြိုင်ပွဲတွင် ရှမ်းပြည်နယ်မှ အေးသော်တာခိုင်က ပထမ၊ ပဲခူးတိုင်းဒေသကြီးမှ နှင်းပွင့်လှိုင်က ဒုတိယ၊ တနင်္သာရီတိုင်းဒေသကြီးမှ ညိုညိုဌေးက တတိယဆုကို လည်းကောင်း ရရှိခဲ့ကြသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး မြန်မာ့သိုင်းပြိုင်ပွဲကို ရွှေကြာပင်အားကစားရုံ၌ ကျင်းပရာ လက်ထောက် နည်းပြအဆင့် အမျိုးသား ဓားနှစ်လက်စွမ်းရည်ပြပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီးက ပထမ၊ ရှမ်းပြည်နယ်က ဒုတိယ၊ ရန်ကုန်တိုင်း ဒေသကြီးက တတိယဆုကိုလည်းကောင်း၊ လက်ထောက် နည်းပြအဆင့် အမျိုးသား တစ်ကိုယ်တော် တုတ်ရှည်စွမ်းရည်ပြပြိုင်ပွဲတွင် ရန်ကုန်တိုင်း ဒေသကြီးမှ အောင်ခန့်ပိုင်က ပထမ၊ မွန်ပြည်နယ်မှ ကောင်းမြတ်စံက ဒုတိယ၊ ရှမ်းပြည်နယ်မှ ခန့်စည်သူက တတိယဆုကို လည်းကောင်း၊ လက်ထောက် နည်းပြအဆင့် အမျိုးသားတစ်ကိုယ်တော် ဓားနှစ်လက်ပြ စွမ်းရည်ပြပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီးမှ ကျော်ဝင်းလှိုင်က ပထမ၊ ရှမ်းပြည်နယ်မှ ခန့်စည်သူက ဒုတိယ၊ ရန်ကုန်တိုင်းဒေသကြီးမှ အောင်ခန့်ပိုင်က တတိယဆုကိုလည်းကောင်း၊အမျိုးသား တုတ်ရှည်စွမ်းရည်ပြပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးက ပထမ၊ မွန်ပြည်နယ်က ဒုတိယ၊ ရှမ်းပြည်နယ်က တတိယဆုကို လည်းကောင်း ရရှိခဲ့ကြသည်။

အတွဲလိုက် စွမ်းရည်ပြပြိုင်ပွဲ (မ-၁/ကျား-၂) လက်နက်မဲ့/ ဓားမြှောင်/ ဓားရှည်ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးက ပထမ၊ ရှမ်းပြည်နယ်က ဒုတိယ၊ စစ်ကိုင်းတိုင်းဒေသကြီးက တတိယဆုကို လည်းကောင်း၊ (မ-၁/ကျား-၃) လက်နက်မဲ့/ ဓားမြှောင်/ ဓားရှည်/ တုတ်ရှည် အတွဲလိုက် စွမ်းရည်ပြပြိုင်ပွဲတွင် ကချင်ပြည်နယ်က ပထမ၊ ဧရာဝတီတိုင်းဒေသကြီးက ဒုတိယ၊ ရှမ်းပြည်နယ်က တတိယဆုကိုလည်းကောင်း၊ အမျိုးသား/အမျိုးသမီး လက်နက်မဲ့/ ဓားမြှောင် စွမ်းရည်ပြပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ သီဟဇော်နှင့် စန္ဒာထွန်းတို့က ပထမ၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်မှ မျိုးမင်းသော်နှင့် လှိုင်သီတာမိုးတို့က ဒုတိယ၊ ရှမ်းပြည်နယ်မှ စိုင်းနောင်နှင့် နန်းဆိုင်လောင်တို့က တတိယဆုကိုလည်းကောင်း ရရှိခဲ့ကြသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် ၂၀ အောက် ဘော်လီဘောပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း (B)ရုံ၌ကျင်းပရာ အမျိုးသား ဘော်လီဘောပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးအသင်းက ကရင်ပြည်နယ်အသင်းကို သုံးပွဲပြတ်၊ ရှမ်းပြည်နယ် အသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို သုံးပွဲပြတ်ဖြင့် လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

အမျိုးသမီး ဘော်လီဘောပြိုင်ပွဲတွင် ရှမ်းပြည်နယ်အသင်းက ကချင်ပြည်နယ်အသင်းကို သုံးပွဲပြတ်၊ တနင်္သာရီတိုင်းဒေသကြီးအသင်းကမန္တလေးတိုင်းဒေသကြီးအသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး တိုက်ကွမ်ဒိုပြိုင်ပွဲများကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း တိုက်ကွမ်ဒိုရုံ၌ ကျင်းပရာ အမျိုးသားတစ်ဦးချင်း ကကွက်ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ဖြိုးဟန်ကျော်က ပထမ၊ မွန်ပြည်နယ်မှ သန့်စင်သူက ဒုတိယ၊ ရှမ်းပြည်နယ်မှ ဟိန်းယံထွန်းနှင့် ကရင်ပြည်နယ်မှ မြင့်မြတ်ရွှေတို့က ပူးတွဲတတိယဆုကို လည်းကောင်း၊ အမျိုးသမီးတစ်ဦးချင်း ကကွက်ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ဝင်းသင်္ဂီထွန်းက ပထမ၊ ပဲခူးတိုင်းဒေသကြီးမှ သက်ထားသူဇာက ဒုတိယ၊ ရှမ်းပြည်နယ်မှ နော်ဗြေဖောနှင့် ချင်းပြည်နယ်မှ ဖြူစင်သူတို့က ပူးတွဲတတိယဆုကိုလည်းကောင်း၊ အမျိုးသား/ အမျိုးသမီးအတွဲ Pair ကကွက်ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ စိုင်းနေဇင်ထွန်းနှင့် လင်းလဲ့ကြယ်ဖြူ က ပထမ၊ မွန်ပြည်နယ်မှ သန့်စင်သူနှင့် ကြယ်စင်သော်က ဒုတိယ၊ ရှမ်းပြည်နယ်မှ ဟိန်းယံထွန်းနှင့် နော်ဗြေဖောနှင့် မန္တလေးတိုင်းဒေသကြီးမှ စောလုကာကျော်နှင့် မေရတနာအောင်တို့က ပူးတွဲတတိယဆုကိုလည်းကောင်း ရရှိခဲ့ကြသည်။


ပြည်နယ်နှင့်တိုင်းဒေသကြီး တိုက်ကွမ်ဒိုပြိုင်ပွဲ အမျိုးသားအသင်းလိုက်ကကွက်ပြိုင်ပွဲတွင် ပထမဆု ရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ ဇော်ဒန်အောင်နှင့်အဖွဲ့ယှဉ်ပြိုင်စဉ်။ (ဓာတ်ပုံ-မျိုးထက်)

အမျိုးသား အသင်းလိုက် ကကွက်ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ဇော်ဒန်အောင်နှင့်အဖွဲ့က ပထမ၊ ပဲခူးတိုင်းဒေသကြီးမှ ဇင်မြတ်ထွန်းနှင့်အဖွဲ့က ဒုတိယ၊ မွန်ပြည်နယ်မှ သန့်စင်သူနှင့်အဖွဲ့နှင့် ကရင်ပြည်နယ်မှ ထင်အောင်လင်းနှင့်အဖွဲ့တို့က ပူးတွဲတတိယဆုကိုလည်းကောင်း၊ အမျိုးသမီး အသင်းလိုက် ကကွက်ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ထူးသဉ္ဇာအောင်နှင့်အဖွဲ့ က ပထမ၊ ကယားပြည်နယ်မှ ရွှေလင်းခိုင်နှင့်အဖွဲ့က ဒုတိယ၊ ရှမ်းပြည်နယ်မှ နော်ဗြေဖောနှင့်အဖွဲ့နှင့် ပဲခူးတိုင်းဒေသကြီးမှ သက်ထားသူဇာနှင့်အဖွဲ့တို့က ပူးတွဲတတိယဆုကို လည်းကောင်း ရရှိခဲ့ကြသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး ဂျူဒိုပြိုင်ပွဲကို ဝဏ္ဏသိဒ္ဓိ အားကစားကွင်း (C) ရုံ၌ ကျင်းပရာ အမျိုးသား Kata ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအသင်းက ပထမ၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ဒုတိယ၊ ကရင်ပြည်နယ်နှင့် ကချင်ပြည်နယ်တို့က ပူးတွဲတတိယဖြင့် လည်းကောင်း၊ အမျိုးသမီး Kata ပြိုင်ပွဲတွင် ကချင်ပြည်နယ်က ပထမ၊ မွန်ပြည်နယ်က ဒုတိယ၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် ရခိုင်ပြည်နယ်တို့က ပူးတွဲ တတိယဖြင့်လည်းကောင်း၊ အမျိုးသား ၅၅ ကီလိုတန်းအောက်ပြိုင်ပွဲတွင် ကချင်ပြည်နယ်မှ ကျော်ဇောအောင်က ပထမ၊ ရန်ကုန်တိုင်းဒေသကြီးမှ သီဟသော်က ဒုတိယ ၊ ဧရာဝတီတိုင်းဒေသကြီးမှ မျိုးဇော်ထက်နှင့် ကရင်ပြည်နယ်မှ ထက်ကိုဝင်းတို့က ပူးတွဲတတိယဖြင့်လည်းကောင်း၊ အမျိုးသား ၆၀ ကီလိုတန်းအောက်ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ နိုင်ဌေးက ပထမ၊ ကချင်ပြည်နယ်မှ မိုးကျော်ကျော်က ဒုတိယ၊ ဧရာဝတီတိုင်းဒေသကြီးမှ ဝေလင်းထွေးနှင့် ကရင်ပြည်နယ်မှ အောင်ဆက်ပိုင်တို့က ပူးတွဲတတိယဖြင့်လည်းကောင်း၊ အမျိုးသား ၆၆ ကီလိုတန်းအောက် ပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးမှ လှိုင်မင်းခန့် က ပထမ ၊ ကရင်ပြည်နယ်မှ စောမြသံစဉ်က ဒုတိယ၊ ရခိုင်ပြည်နယ်မှ ဟိန်းထက်ဇော် နှင့် ရန်ကုန်တိုင်းဒေသကြီးမှ သန့်ဇော်ဦးတို့က ပူးတွဲတတိယဖြင့်လည်းကောင်း၊ အမျိုးသား ၇၃ ကီလိုတန်းအောက်ပြိုင်ပွဲတွင် ရှမ်းပြည်နယ်မှ သန့်ဇင်ဝင်းအောင်က ပထမ၊ ဧရာဝတီတိုင်းဒေသကြီးမှ အောင်သန်းကျော်က ဒုတိယ၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်မှ လင်းထက်ဦးနှင့် ကချင်ပြည်နယ်မှ လဦးတိုက်ခေါ်တို့က ပူးတွဲတတိယ ဆုကိုလည်းကောင်း ရရှိခဲ့ကြသည်။

အမျိုးသမီး ၄၅ ကီလိုတန်းအောက်ပြိုင်ပွဲတွင် ကချင်ပြည်နယ်မှ ဆောင်ယုံက ပထမ၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ခိုင်စပယ်က ဒုတိယ၊ ပဲခူးတိုင်းဒေသကြီးမှ လှသူဇာနှင့် မန္တလေးတိုင်းဒေသကြီးမှ နီမာထွန်းတို့က ပူးတွဲတတိယဖြင့်လည်းကောင်း၊ အမျိုးသမီး ၄၈ ကီလိုတန်းအောက်ပြိုင်ပွဲတွင် ကချင်ပြည်နယ်မှ အိအိသဇင်ဇော်က ပထမ၊ ဧရာဝတီတိုင်းဒေသကြီးမှ နှင်းဝတ်မှုံလွင်က ဒုတိယ၊ မန္တလေးတိုင်းဒေသကြီးမှ ယမင်းသူဇာလှိုင်နှင့် ရန်ကုန်တိုင်းဒေသကြီးမှ ပုံ့ပုံ့စိုးတို့က ပူးတွဲတတိယဖြင့်လည်းကောင်း၊ အမျိုးသမီး ၅၂ ကီလိုတန်းအောက်ပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးမှ နန့်ဖြိုးသီရိဟန်က ပထမ၊ မွန်ပြည်နယ်မှ နော်မြတ်နိုးရွှေစင်က ဒုတိယ၊ ချင်းပြည်နယ်မှ စန္ဒာဝင်း နှင့် ကချင်ပြည်နယ်မှ မေဇင်ဖြိုးတို့က ပူးတွဲ တတိယဖြင့်လည်းကောင်း၊ အမျိုးသမီး၅၇ကီလိုတန်းအောက်ပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးမှ ငွေပုံချစ်က ပထမ၊ ကချင်ပြည်နယ်မှ ပြည့်စုံအောင်က ဒုတိယ၊ မန္တလေးတိုင်းဒေသကြီးမှ ငုချယ်ဦးနှင့် ရှမ်းပြည်နယ်မှ စံပယ်နှင်းတို့က ပူးတွဲတတိယဆုကိုလည်းကောင်း ရရှိခဲ့ကြသည်။

**စာမျက်နှာ ၇ သို့ ☆**


ပြည်နယ်နှင့်တိုင်းဒေသကြီး ဂျူဒိုပြိုင်ပွဲ အမျိုးသမီး ၅၇ ကီလိုတန်းအောက်ပြိုင်ပွဲတွင် အားကစားသမားများ ယှဉ်ပြိုင်စဉ်။

☆ စာမျက်နှာ ၆ မှ

ပြည်နယ်နှင့် တိုင်းဒေသကြီး လက်ဝှေ့ပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိ အားကစားကွင်း လက်ဝှေ့ရုံ၌ကျင်းပရာ အမျိုးသား ၅၄ ကီလိုတန်းပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ ဇော်ဇော်နိုင်က တနင်္သာရီ တိုင်းဒေသကြီးမှ အာကာဖြိုး ကိုလည်းကောင်း၊ ရှမ်းပြည်နယ်မှ ရှိုင်းငယ်က ပြည်ထောင်စုနယ်မြေ နေပြည်တော်မှ ဝင်းထိုက်ကိုလည်းကောင်း၊ အမျိုးသား ၆၃ ဒသမ ၅ ကီလိုတန်းပြိုင်ပွဲတွင် ကချင်ပြည်နယ်မှ နုတ်မာရ်က ပဲခူးတိုင်းဒေသကြီးမှ ဘုန်းမြင့်မောင် ကိုလည်းကောင်း၊ မန္တလေး တိုင်းဒေသကြီးမှ စိုင်းနောင်က စစ်ကိုင်းတိုင်းဒေသကြီးမှ ကျော်မျိုးဟန်ကိုလည်းကောင်း၊ အမျိုးသား ၇၁ ကီလိုတန်းပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ အောင်မြင့်ထွန်းက ပဲခူးတိုင်းဒေသကြီးမှ ဇင်မင်းကို ကိုလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးမှ အောင်ဇင်ထိုက်က ကရင်ပြည်နယ်မှ စောငွေမိုးကို လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

အမျိုးသမီး ၅၀ ကီလိုတန်းပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီးမှ အေးအေးမူက စစ်ကိုင်းတိုင်းဒေသကြီးမှ ပြည့်စုံဝင်း ကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးမှ မြမိုးသူက ပြည်ထောင်စုနယ်မြေ နေပြည်တော်မှ အိမ့်မြတ်သော်ကိုလည်းကောင်း၊ အမျိုးသမီး ၅၂ ကီလိုတန်းပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ သက်ထားဗိုလ်က ရှမ်းပြည်နယ်မှ ထက်ထက်အောင် ကိုလည်းကောင်း၊ မကွေးတိုင်းဒေသကြီးမှ သင်းသင်းခိုင်က တနင်္သာရီတိုင်းဒေသကြီးမှ အေးအေးပြည့် ကိုလည်းကောင်း၊ အမျိုးသမီး ၅၄ ကီလိုတန်းပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီးမှ ထားထားနွယ်က ရှမ်းပြည်နယ်မှ မိုးပြည့်ပြည့်လွင်ကိုလည်းကောင်း၊ ကရင်ပြည်နယ်မှ နန်းသန္တာသိမ့်က ရန်ကုန် တိုင်းဒေသကြီးမှ လင်းလက်နေခြည် ကိုလည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီးအသက် ၂၁ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း လေ့ကျင့်ရေးကွင်း(၃)/(၄) တို့တွင် ယှဉ်ပြိုင်ကစားကြရာ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက ကရင်ပြည်နယ်အသင်းကို နှစ်ဂိုး၊ ဂိုးမရှိ၊ ရှမ်းပြည်နယ်အသင်းက ကယားပြည်နယ်အသင်းကိုလေးဂိုး၊ ဂိုးမရှိဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး အသက်(၂၅)နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ဘောဂဝတီအားကစားကွင်း၌ ယှဉ်ပြိုင်ကစားကြရာ ရန်ကုန်တိုင်းဒေသကြီးအသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး ဖူဆယ်ပြိုင်ပွဲများကို ဝဏ္ဏသိဒ္ဓိ အားကစားကွင်းဖူဆယ်အားကစားရုံ၌ကျင်းပရာ အမျိုးသားဖူဆယ်ပြိုင်ပွဲ တတိယလုပွဲတွင် တနင်္သာရီတိုင်းဒေသကြီးအသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို သုံးဂိုး၊ ဂိုးမရှိ၊ ဗိုလ်လုပွဲစဉ်တွင် ရှမ်းပြည်နယ်အသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို ငါးဂိုး၊ လေးဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ရှမ်းပြည်နယ်အသင်းက ပထမ၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ဒုတိယ၊ တနင်္သာရီတိုင်းဒေသကြီးအသင်းက တတိယဆုကိုလည်းကောင်း ရရှိခဲ့ကြသည်။

အမျိုးသမီး ဖူဆယ်ပြိုင်ပွဲ တတိယလုပွဲပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးအသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို ခုနစ်ဂိုး၊ လေးဂိုး၊ ဗိုလ်လုပွဲစဉ်တွင် ရန်ကုန်တိုင်းဒေသကြီးအသင်းက ကချင်ပြည်နယ်အသင်းကို ခြောက်ဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီးအသင်းက ပထမ၊ ကချင်ပြည်နယ်အသင်းက ဒုတိယ၊ ဧရာဝတီ တိုင်းဒေသကြီးအသင်းက တတိယဆုတို့ကို ရရှိခဲ့ကြသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသား လေးယောက်တွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိ အားကစားကွင်း(A)ရုံ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအသင်းက မကွေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်၊ ရှမ်းပြည်နယ်အသင်းက ရခိုင်ပြည်နယ်အသင်းကို နှစ်ပွဲ တစ်ပွဲ၊ ပဲခူးတိုင်းဒေသကြီးအသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်၊ ကချင်ပြည်နယ်အသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်၊ မွန်ပြည်နယ်အသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို နှစ်ပွဲ တစ်ပွဲ၊ ကယားပြည်နယ်အသင်းက ချင်းပြည်နယ်အသင်းကို နှစ်ပွဲ တစ်ပွဲ၊ ရှမ်းပြည်နယ်အသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲ တစ်ပွဲ၊ ရခိုင်ပြည်နယ်အသင်းက မကွေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်၊ ကချင်ပြည်နယ်အသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို နှစ်ပွဲ တစ်ပွဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက မွန်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်၊ ကရင်ပြည်နယ်အသင်းက ချင်းပြည်နယ်အသင်းကို နှစ်ပွဲပြတ်၊ ရခိုင်ပြည်နယ်အသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်၊ ရှမ်းပြည်နယ်အသင်းက မကွေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်၊ ကချင်ပြည်နယ်အသင်းက ပဲခူး တိုင်းဒေသကြီးအသင်းကို နှစ်ပွဲ တစ်ပွဲ၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်၊ မွန်ပြည်နယ်အသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို နှစ်ပွဲပြတ်၊ ကယားပြည်နယ်အသင်းက ကရင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။




ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသား လေးယောက်တွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးအသင်းနှင့် ရှမ်းပြည်နယ်အသင်းတို့ ယှဉ်ပြိုင်စဉ်။

ဝန်ကြီးဌာနပေါင်းစုံ အမျိုးသား ဘော်လီဘောပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိ အားကစားကွင်း ဘော်လီဘောရုံ၌ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာနအသင်းက သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာနအသင်းကို သုံးပွဲ တစ်ပွဲ၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းက နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းကို သုံးပွဲ တစ်ပွဲ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အသင်းက လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အသင်းကို သုံးပွဲပြတ်၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက ပညာရေးဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းက စွမ်းအင်ဝန်ကြီးဌာန အသင်းကို သုံးပွဲပြတ်၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အသင်းကို သုံးပွဲပြတ်၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းက သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်အသင်းက လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အသင်းကို သုံးပွဲနှစ်ပွဲဖြင့် အနိုင်ရရှိခဲ့ကြသည်။

အမျိုးသမီးဘော်လီဘောပြိုင်ပွဲ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အသင်းက တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအသင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်၊ အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာနအသင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်ဖြင့် အနိုင်ရရှိခဲ့ကြသည်။

ဝန်ကြီးဌာနပေါင်းစုံ အလွတ်တန်းအမျိုးသား ဘောလုံးပြိုင်ပွဲ အုပ်စု ပွဲစဉ်များကို ပေါင်းလောင်း အားကစားကွင်း၊ ရွှေကြာပင် အားကစားကွင်းနှင့် လယ်ဝေး TC-2 အားကစားကွင်းတို့၌ ယှဉ်ပြိုင်ကစားကြရာ ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းတို့က တစ်ဖက် နှစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့ပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနအသင်းက သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာနအသင်းကို နှစ်ဂိုး တစ်ဂိုး၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းက ကျန်းမာရေးဝန်ကြီးဌာန အသင်းကို လေးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြသည်။

ဝန်ကြီးဌာနပေါင်းစုံ အမျိုးသား ဖူဆယ်ပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိ အားကစားကွင်း ဖူဆယ်ရုံ၌ကျင်းပရာ အလုပ်သမားဝန်ကြီးဌာနအသင်းက တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာနအသင်းကိုလေးဂိုး၊ တစ်ဂိုး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနအသင်းနှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအသင်းတို့ တစ်ဖက်တစ်ဂိုးစီဖြင့် သရေရလဒ်ထွက်ပေါ်ခဲ့ပြီး ပညာရေးဝန်ကြီးဌာနအသင်းက နိုင်ငံခြားရေးဝန်ကြီးဌာနအသင်းကို လေးဂိုး၊ ဂိုးမရှိ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းက သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အသင်းကို လေးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြသည်။

ဝန်ကြီးဌာနပေါင်းစုံ ဂေါက်သီးရိုက်ပြိုင်ပွဲကိုမြို့တော်ဂေါက်ကွင်း၌ ကျင်းပရာ တစ်ဦးချင်းပြိုင်ပွဲ (အကျောပေး) ပြိုင်ပွဲတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းမှ မျိုးလွင်ဦးက ပထမ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းမှ ကျော်နိုင်ဦးက ဒုတိယ၊ သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာနအသင်းမှ ဟိန်းဇေယျက တတိယဆုကိုလည်းကောင်း၊ တစ်ဦးချင်းပြိုင်ပွဲ (အကျောမဲ့) ပြိုင်ပွဲတွင် ကာကွယ်ရေးဝန်ကြီးဌာနမှ သက်ထွန်းဦးက ပထမ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ ချမ်းငြိမ်းက ဒုတိယ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ရန်နိုင်အေးက တတိယဆုကိုလည်းကောင်း၊ အသင်းလိုက် အကျောပေးပြိုင်ပွဲတွင် ကာကွယ်ရေးဝန်ကြီးဌာနက ပထမ၊ ပြည်ထဲရေးဝန်ကြီးဌာနက ဒုတိယ၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာနက တတိယ၊ အသင်းလိုက် (အကျောမဲ့)ပြိုင်ပွဲတွင် ပို့ဆောင်ရေးနှင့်ဆက် သွယ်ရေးဝန်ကြီးဌာနက ပထမ၊ စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးဌာနက ဒုတိယ၊ အလုပ်သမားဝန်ကြီးဌာနက တတိယဆုကိုလည်းကောင်း၊ Hole in One Prize ဆုကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာနမှ မျိုးလွင်ဦးက ကျင်းအမှတ် (၁၂) ရရှိခဲ့ကြသည်။

ယနေ့ကျင်းပသည့် အားကစားပြိုင်ပွဲများသို့ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ အားကစားနည်းအလိုက် အဖွဲ့ချုပ်များမှ တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် အားကစားဝါသနာရှင် ပြည်သူများ စိတ်ပါဝင်စားစွာ လာရောက်ကြည့်ရှု အားပေးခဲ့ကြသည်။ **သတင်းစဉ်**



ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသား တိုက်ကွမ်ဒို အတိုက်ပြိုင်ပွဲတွင် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့မှ အားကစားသမားများယှဉ်ပြိုင်စဉ်။ (ဓာတ်ပုံ-မျိုးထက်)



ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသမီး တိုက်ကွမ်ဒို အတိုက်ပြိုင်ပွဲတွင် ကရင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့မှ အားကစားသမားများ ယှဉ်ပြိုင်စဉ်။

# ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲများယှဉ်ပြိုင်မှုမြင်ကွင်း



ဝန်ကြီးဌာနပေါင်းစုံ ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်စဉ်။




ဝန်ကြီးဌာနပေါင်းစုံ အမျိုးသမီးဘော်လီဘောပြိုင်ပွဲတွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းနှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။



ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသား ပြေးခုန်ပစ်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်ကစားစဉ်။




ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသား ၅၅ ကီလိုတန်းအောက် ဂျူဒိုပြိုင်ပွဲတွင် ကယားပြည်နယ်နှင့် ကချင်ပြည်နယ်တို့မှ အားကစားသမားများ ယှဉ်ပြိုင်စဉ်။



ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသမီးဖူဆယ်ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် ကချင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။



ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသမီးအသင်းလိုက် ကကွက်ပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်တိုင်းဒေသကြီးတိုက်ကွမ်ဒိုအသင်း ယှဉ်ပြိုင်စဉ်။ ဓာတ်ပုံ – မျိုးထက်



ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသမီး မီတာ ၈၀၀ အပြေးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြသည့် အားကစားသမားများကို တွေ့ရစဉ်။




အမျိုးသားလေးယောက်တွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်တွင် ချင်းပြည်နယ်အသင်းနှင့် ကယားပြည်နယ်အသင်းတို့ ယှဉ်ပြိုင်စဉ်။

# ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော် အားကစားပြိုင်ပွဲများ ယှဉ်ပြိုင်မှုမြင်ကွင်း



ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသမီး လက်ဝှေ့ပြိုင်ပွဲ ၅၄ ကီလိုတန်းတွင် တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့မှ ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်စဉ်။



ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသမီး တိုက်ကွမ်ဒိုပြိုင်ပွဲတွင် မွန်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်စဉ်။



ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသား မီတာ ၈၀၀ အပြေးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြသည့် အားကစားသမားများကို တွေ့ရစဉ်။



ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသား လေးယောက်တွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် နေပြည်တော်အသင်းနှင့် မွန်ပြည်နယ် အသင်းတို့ ယှဉ်ပြိုင်စဉ်။



ပြည်နယ်နှင့်တိုင်းဒေသကြီး မြန်မာ့သိုင်းပြိုင်ပွဲ ယှဉ်ပြိုင်စဉ်။



ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်အဖြစ် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအသင်းနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။



ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသား တိုက်ကွမ်ဒိုအတိုက်ပြိုင်ပွဲတွင် ကယားပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ အားကစားသမားများ ယှဉ်ပြိုင်စဉ်။

ဓာတ်ပုံ- မျိုးထက်

ဝန်ကြီးဌာန ပေါင်းစုံ အမျိုးသား ဖူဆယ်ပြိုင်ပွဲတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အသင်းနှင့် ဆောက်လုပ်ရေး ဝန်ကြီးဌာန အသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။



# တိုင်းဒေသကြီး/ပြည်နယ်အားလုံး အချိုးညီမျှတစွာ ဖွံ့ဖြိုးတိုးတက်ရေး အလေးထားဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၁၁**

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေး (၂/၂၀၂၄) ကို ယနေ့မွန်းလွဲပိုင်းတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။




အစည်းအဝေးသို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ လုပ်ငန်းဆပ်ကော်မတီ ခုနစ်ခုတို့မှ ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဒေသဆိုင်ရာလုပ်ငန်းကော်မတီများမှ ပြည်နယ်/တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးများ၊ ပြည်နယ်/တိုင်းဒေသကြီးအဆင့်လုပ်ငန်းဆပ်ကော်မတီဥက္ကဋ္ဌများက အွန်လိုင်းမှတစ်ဆင့် ပါဝင်တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးဗဟိုကော်မတီက ချမှတ်ထားသည့် လမ်းညွှန်ချက်၊ မူဝါဒများနှင့်အညီ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အရှိန်မြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်း၊ နယ်စပ်ဒေသများတွင် လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးမွေးမြူရေး၊ စွမ်းအင်နှင့်လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး၊ လူ့စွမ်းအားအရင်းအမြစ်မြှင့်တင်ရေး၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတကာနှင့်ပူးပေါင်းဆောင်ရွက်မှု တိုးတက်ရေးအတွက် ခွင့်ပြုဘဏ္ဍာငွေအပေါ် မူတည်၍ လုပ်ငန်းဆပ်ကော်မတီများနှင့် ဒေသဆိုင်ရာလုပ်ငန်းကော်မတီများက ကြိုးစားအားထုတ်အကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ထိုသို့ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ရှေးရှုပြီး တိုင်းဒေသကြီး/ပြည်နယ်အားလုံး အကြားအလပ်မရှိ အချိုးညီမျှတစွာ ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယနေ့အစည်းအဝေးတွင် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း လျာထားရန်ပုံငွေများဖြင့် ဆောင်ရွက်သွားမည့်လုပ်ငန်းများကို စိစစ်အတည်ပြုမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက လက်ရှိဘဏ္ဍာနှစ် လုပ်ငန်းဆောင်ရွက်မှု၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့်လျာထားလုပ်ငန်းများ၊ ရန်ပုံငွေတိုးမြှင့်လျာထားရသည့်အကြောင်းရင်းများ၊ လုပ်ငန်းများဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အားသာချက်၊ အားနည်းချက်များကို သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ အလုပ်ခွင်ထိခိုက်မှုကြောင့် အမြဲတမ်းမသန်စွမ်းမှုနှင့်ဆိုင်သည့် ငွေကြေးအကျိုးခံစားခွင့် ခွင့်ပြုထုတ်ပေး

**နေပြည်တော် ဒီဇင်ဘာ ၁၁**

အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့က ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ အမြဲတမ်းမသန်စွမ်းမှုနှင့်ဆိုင်သည့် ငွေကြေးအကျိုးခံစားခွင့် ခွင့်ပြုထုတ်ပေးခြင်း အခမ်းအနားကို ယမန်နေ့မွန်းလွဲပိုင်းတွင် နေပြည်တော် ပျဉ်းမနားမြို့ မြန်မာ့မီးရထား မြို့ပြနှင့်အင်ဂျင်နီယာဌာန လက်ထောက်အင်ဂျင်နီယာရုံးခန်း၌ ကျင်းပသည်။

**ရှင်းလင်းပြောကြား**

အခမ်းအနားတွင် ပြည်ထောင်စုနယ်မြေတာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မြပိုက အဖွင့်အမှာစကားပြောကြားပြီး လူမှုဖူလုံရေးအဖွဲ့က ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေပါ အကျိုးခံစားခွင့်များအကြောင်းနှင့် ယခုကဲ့သို့ အလုပ်ခွင်အတွင်း မတော်တဆထိခိုက်ဒဏ်ရာရရှိခဲ့ခြင်းအတွက် အမြဲတမ်းမသန်စွမ်းမှု အကျိုးခံစားခွင့် ထုတ်ပေးရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒုတိယညွှန်ကြားရေးမှူးက ဒက္ခိဏသီရိမြို့နယ်လူမှုဖူလုံရေးရုံးခွဲတွင် အကျုံးဝင်မှတ်ပုံတင်ထားသော မြန်မာ့မီးရထား မြို့ပြအင်ဂျင်နီယာဌာနမှ ဝန်ထမ်းတစ်ဦး၏ လုပ်ငန်းအတွင်းထိခိုက်မှုကြောင့် အမြဲတမ်းလုပ်အားဆုံးရှုံးမှု ၁၀၀ ရာခိုင်နှုန်းနှင့် အမြဲမပြတ်ပြုစုစောင့်ရှောက်ရန် ၁၀ ရာခိုင်နှုန်း၏ ကိုးနှစ်စာအတွက် ငွေလုံးငွေရင်း အကျိုးခံစားခွင့် ငွေကျပ် ၁၁၉၇၅၀၄၀ ကို ကာယကံရှင်ထံ လက်ဝယ်အရောက် ပေးအပ်သည်။

ထို့နောက် အကျိုးခံစားခွင့်ရရှိသူ၏ကိုယ်စား တာဝန်ရှိသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**ဟိန်းသူအောင်(ပြန်/ဆက်)**



# မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင်များ နေပြည်တော် တပ်ကုန်းမြို့ရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားတွင် ကြည့်ရှုလေ့လာ

**နေပြည်တော် ဒီဇင်ဘာ ၁၁**

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦး ဦးဆောင်သော မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီအဖွဲ့သည် ယနေ့နံနက်ပိုင်းက နေပြည်တော် တပ်ကုန်းမြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် လာရောက်လေ့လာကြရာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။



ဦးစွာ ပင်မအဆောက်အအုံရှိ Auditorium ခန်းမတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဝန်ထမ်းများက "အားလုံးချစ်သည် MRTV" တေးသီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး "(၇၈)နှစ်မှသည် ပြည်သူ့အတွက် MRTV" Video Clip ပြသမှုကို ကြည့်ရှုကြသည်။

ထို့နောက် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ်က နှုတ်ခွန်းဆက်စကား ပြောကြားပြီး မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌက ဝမ်းမြောက်စကားပြောကြားကာ ဝန်ထမ်းများက "MRTVနှင့် ကောင်းသောနေ့" တေးသီချင်းဖြင့် ဖျော်ဖြေတင်ဆက်သည်။

ထို့နောက် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားရှိ Convergence News Room၊ MRTV HD Channel Studio၊ အရန် Studio၊ သတင်းနှင့်အစီအစဉ် ထုတ်လွှင့်ခန်းများ၊ Radio Studio နှင့် MRTV News Channel Studio တို့တွင် သတင်းထုတ်လုပ်မှုနှင့် သတင်းထုတ်လွှင့်ရန် ရိုက်ကူးရေးဆောင်ရွက်မှုများကို ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ထိုမှတစ်ဆင့် လေ့လာရေးအဖွဲ့သည် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား စိန်ရတုပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ခေတ်အဆက်ဆက် ရုပ်သံထုတ်လွှင့်မှုများတွင် အသုံးပြုခဲ့သည့် စက်ပစ္စည်းများ၊ တိုက်ရိုက်ထုတ်လွှင့်ရေးမော်တော်ယာဉ်များ၊ သတင်းတင်ဆက်မှုပုံစံငယ်များ၊ ခေတ်အဆက်ဆက် ထုတ်လွှင့်တင်ဆက်ခဲ့သည့်အစီအစဉ်များတွင် ပါဝင်ဆောင်ရွက်ခဲ့သူများ၏ မှတ်တမ်းဓာတ်ပုံများ၊ တူရိယာပစ္စည်းများ၊ သတင်းစတူဒီယိုခန်းများ၊ ရေဒီယိုအစီအစဉ်တွင် အသုံးပြုခဲ့သည့် ခေတ်ဟောင်း ဓာတ်ပြားများနှင့် အခြားအသုံးအဆောင်ပစ္စည်းများစသည့် စုစုပေါင်းပြခန်း ၄၀ တွင် ခင်းကျင်း ပြသထားရှိမှုများကို ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ယင်းနောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ်က မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီအဖွဲ့အား MRTV အမှတ်တရ လက်ဆောင်များ ပေးအပ်သည်။

ဆက်လက်၍ လေ့လာရေးအဖွဲ့သည် မွန်းလွဲပိုင်းတွင် နေပြည်တော် ဇေယျာသီရိမြို့နယ် ခရေပင်လမ်းခွဲရှိ ကြေးမုံသတင်းစာတိုက်နှင့် မြန်မာ့အလင်းသတင်းစာတိုက်တို့သို့ ရောက်ရှိလာရာ စာတည်းမှူးချုပ်များနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။ ထို့နောက် ဘိုးဝဇီရခန်းမ၌ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ လုပ်ငန်းဆောင်ရွက်နေမှုများနှင့် သတင်းစာ ထုတ်လုပ်ဖြန့်ချိနေမှု ဗီဒီယိုကလစ်ကိုပြသပြီး ပုံနှိပ်စက်ခန်းအတွင်း ကြည့်ရှုလေ့လာကြသည်။

**သတင်းစဉ်**

# မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ဝန်ထမ်းဟောင်းများ တွေ့ဆုံပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၁**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဝန်ထမ်းဟောင်းများ တွေ့ဆုံပွဲကို ဒီဇင်ဘာ ၁၅ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီမှ ၄ နာရီအထိ ရန်ကုန်မြို့ ပြည်လမ်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြားရှိ စတူဒီယို(အေ) ခန်းမ၌ ကျင်းပမည်ဖြစ်ရာ MRTV ဝန်ထမ်းဟောင်းများအားလုံး ပါဝင်တက်ရောက်နိုင်ကြပါရန် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဝန်ထမ်းဟောင်းများအသင်းက ဖိတ်ကြားထားကြောင်း သိရသည်။

**သတင်းစဉ်**

# အစိုးရ၊ အလုပ်ရှင်နှင့် အလုပ်သမား သုံးပွင့်ဆိုင်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



**နေပြည်တော် ဒီဇင်ဘာ ၁၁**

အစိုးရ၊ အလုပ်ရှင်နှင့် အလုပ်သမား သုံးပွင့်ဆိုင်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် အလုပ်သမားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ Virtual ဖြင့်ကျင်းပရာ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ခုံသမာဓိကောင်စီဝင်များ၊ ခုံသမာဓိအဖွဲ့ဝင်များ၊ အလုပ်ရှင်ကိုယ်စားလှယ်များ၊ အလုပ်သမားကိုယ်စားလှယ်များနှင့် စက်မှုဇုန်အသီးသီးမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အနေဖြင့် လွတ်လပ်စွာအသင်းအဖွဲ့များ ဖွဲ့စည်းခွင့်ဆိုင်ရာ ပြဋ္ဌာန်းချက်အမှတ်-၈၇ ကို လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး ၂၀၁၁ ခုနှစ် အလုပ်သမားအဖွဲ့အစည်းဥပဒေအရ အာဏာတည်ပြီးနောက် ၂၀၁၂ ခုနှစ်မှစ၍ ယနေ့အချိန်ထိ အသိအမှတ်ပြု လက်မှတ်ထုတ်ပေးထားသော အခြေခံအလုပ်သမားအဖွဲ့အစည်း ၂၈၃၃ ဖွဲ့၊ အခြေခံအလုပ်ရှင်အဖွဲ့အစည်း ၂၆ ဖွဲ့၊ မြို့နယ်အလုပ်သမားအဖွဲ့အစည်း ၁၅၈ ဖွဲ့၊ မြို့နယ်အလုပ်ရှင်အဖွဲ့အစည်း တစ်ဖွဲ့၊ တိုင်းဒေသကြီး/ပြည်နယ် အလုပ်သမားအဖွဲ့အစည်း ၂၅ ဖွဲ့၊ အလုပ်သမား အဖွဲ့ချုပ် ကိုးဖွဲ့၊ အလုပ်ရှင်အဖွဲ့ချုပ် တစ်ဖွဲ့၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားရေးရာ အဖွဲ့ တစ်ဖွဲ့၊ စုစုပေါင်း ၃၀၅၄ ဖွဲ့ ဖွဲ့စည်းထားရှိကြောင်းနှင့် အလုပ်သမားအဖွဲ့အစည်းများကို လွတ်လပ်စွာ ဖွဲ့စည်းနိုင်ရေး ဥပဒေနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း။

အွန်လိုင်းဖြင့် တက်ရောက်လာကြသော အလုပ်ရှင်၊ အလုပ်သမား၊ ခုံသမာဓိအဖွဲ့ဝင်များနှင့် စက်မှုဇုန်များမှ ကိုယ်စားလှယ်များအနေဖြင့် အမှန်တကယ်ကြုံတွေ့နေရသည့် အခက်အခဲများကို ဆွေးနွေးပေးရန်နှင့် ဖြည့်ဆည်းပေးရန် လိုအပ်သည့် အချက်များကို ပွင့်ပွင့်လင်းလင်း အကောင်းဆုံး ဆွေးနွေးအဖြေရှာပြီး သုံးပွင့်ဆိုင်ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် နိုင်ငံ၏ကုန်ထုတ်စွမ်းအား မြင့်မားတိုးတက်စေရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က သြဂုတ် ၂၃ ရက်တွင်ကျင်းပခဲ့သည့် အစည်းအဝေးဆုံးဖြတ်ချက်များနှင့်ပတ်သက်၍ ဆောင်ရွက်ပြီးစီးမှုများကို ရှင်းလင်းဆွေးနွေးတင်ပြပြီး အွန်လိုင်းဖြင့် တက်ရောက်လာကြသော ခုံသမာဓိကောင်စီအဖွဲ့ဝင်များ၊ အလုပ်ရှင်ကိုယ်စားလှယ်များ၊ အလုပ်သမားကိုယ်စားလှယ်များ၊ ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ဝင်များ၊ စက်မှုဇုန်အသီးသီးမှ ကိုယ်စားလှယ်များက လတ်တလောတွေ့ကြုံနေရသည့် လုပ်ငန်းဆိုင်ရာ အခက်အခဲများ ဖြည့်ဆည်းပေးရန် လိုအပ်ချက်များကို ဆွေးနွေးတင်ပြကြရာ ညွှန်ကြားရေးမှူးချုပ်များက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး အစိုးရ၊ အလုပ်ရှင်နှင့် အလုပ်သမားများ ကြုံတွေ့နေရသည့် အခက်အခဲများကို အတူတကွ လက်တွဲကျော်ဖြတ်ရင်း နိုင်ငံကုန်ထုတ်စွမ်းအား မြင့်မားတိုးတက်စေရေး ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရေး မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် တိုင်းဒေသကြီး/ပြည်နယ်ကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်မည့် ပြိုင်ပွဲဝင်အားကစားသမားများအား နေ့လယ်စာပြင်ဆင်ကျွေးမွေးနေမှု သွားရောက်ကြည့်ရှု



**နေပြည်တော် ဒီဇင်ဘာ ၁၁**

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော် အောင်မြင်စွာ ကျင်းပနိုင်ရေး၊ တည်းခိုနေထိုင်ရေးနှင့် ဧည့်ခံကျွေးမွေးရေး ဆပ်ကော်မတီဥက္ကဋ္ဌ ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ တည်းခိုရေးစခန်းသို့ သွားရောက်ကာ တိုင်းဒေသကြီး/ပြည်နယ် ကိုယ်စားပြု ပြိုင်ပွဲဝင်အားကစားသမားများ၊ အုပ်ချုပ်သူများနှင့် နည်းပြများအား နေ့လယ်စာ ကျွေးမွေးဧည့်ခံနေမှု အခြေအနေများကို သွားရောက်ကြည့်ရှုသည်။

ဦးစွာ ဒုတိယဝန်ကြီးသည် ပြိုင်ပွဲဝင်အားကစားသမားများ၊ အုပ်ချုပ်သူများနှင့် နည်းပြများ တည်းခိုရေး အဆောင်များ ပတ်ဝန်းကျင်သန့်ရှင်းရေး ဆောင်ရွက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် ပြိုင်ပွဲဝင်အားကစားသမားများ၊ အုပ်ချုပ်သူများနှင့် နည်းပြများ နေ့လယ်စာစားသုံးနေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုပြီး ချက်ပြုတ်ရေးအဆောင်သို့ သွားရောက်၍ ညနေစာအတွက် သန့်ရှင်းသပ်ရပ်စွာ ပြင်ဆင်ချက်ပြုတ်နေမှု၊ စားရိပ်သာများနှင့် ချက်ပြုတ်ရေး အဆောင်များ သန့်ရှင်းရေး ဆောင်ရွက်ထားမှု အခြေအနေများကို လှည့်လည်ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ဆပ်ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးသည် သန့်စင်ခန်းများနှင့် ရေချိုးကန်များသို့ သွားရောက်စစ်ဆေးပြီး ရေ၊ မီး၊ မိလ္လာစနစ် ကောင်းမွန်စေရေးအတွက် သက်ဆိုင်ရာ အဖွဲ့များက နေ့စဉ်စစ်ဆေး ဆောင်ရွက်ရန်၊ သန့်စင်ခန်းများ ပိုးမွှားများ ကင်းစင်စေရန် ပိုးသတ်ဆေးဖျန်းခြင်းနှင့် ပုံမှန်သန့်ရှင်းရေး ဆောင်ရွက်ခြင်းတို့ကို စနစ်တကျ ကြပ်မတ် ဆောင်ရွက်ကြရန် မှာကြားပြီး လိုအပ်သည်များကို ပေါင်းစပ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ ကျေးလက်ဒေသအမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး စီမံချက်ဝင်ကျေးရွာများအတွက် အထောက်အကူပြုပစ္စည်းများပေးအပ်



**ရန်ကုန် ဒီဇင်ဘာ ၁၁**

ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့က ကျေးလက်ဒေသအမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး စီမံချက်ဝင်ကျေးရွာများသို့ အသိပညာပေးဟောပြောခြင်းနှင့် အထောက်အကူပြုပစ္စည်းများ ပေးအပ်ခြင်း အခမ်းအနားကို ယမန်နေ့က ကမာရွတ်မြို့နယ်ရှိ ရန်ကုန် ပညာရေးတက္ကသိုလ်၌ ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၏ ဇနီး၊ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နာယက၊ တိုင်းဒေသကြီးဝန်ကြီးများ၏ ဇနီးများ၊ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရန်ကုန်ပညာရေး တက္ကသိုလ်နှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**အထောက်အကူပြု ပစ္စည်းများပေးအပ်**

အခမ်းအနားတွင် တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၏ဇနီးနှင့် တာဝန်ရှိသူများက တိုင်းဒေသကြီးအတွင်းမှ ကျေးလက်ဒေသ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး စီမံချက်ဝင် ခရိုင်ခြောက်ခရိုင်ရှိ ကျေးရွာ ၁၃ ရွာအတွက် အထောက်အကူပြု ပစ္စည်းများ ပေးအပ်ကြသည်။

ထို့နောက် သက်ဆိုင်ရာဌာနမှ တာဝန်ရှိသူများက အမျိုးသမီးများ အကြမ်းဖက်ခံရမှုမှ တားဆီးကာကွယ်ရေးဆိုင်ရာ၊ လူကုန်ကူးခံရမှုမှ တားဆီးကာကွယ်ရေးဆိုင်ရာ၊ ကျန်းမာရေးဆိုင်ရာ၊ ကျေးလက်ဒေသ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အသိပညာများကို ဟောပြောမျှဝေခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မုဒုံမြို့၌ လူငယ်စကားဝိုင်းကျင်းပ

**မုဒုံ ဒီဇင်ဘာ ၁၁**

မွန်ပြည်နယ် မုဒုံမြို့နယ်တွင် စာဖတ်ရှိန်မြင့်မားစေရန်အတွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်းကျင်းပသည့် လူငယ်စကားဝိုင်းကို ယနေ့နံနက် ၁၀ နာရီက အထက (ကွေ့ဝမ်း)၌ ကျင်းပသည်။

ဦးစွာ ကျောင်းတာဝန်ခံ ဒေါ်မြင့်မြင့်မော်က အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်မိုးမိုးစန္ဒာထွန်းက လူငယ်စကားဝိုင်းကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် လူငယ်စကားဝိုင်းတွင် Grade-10နှင့် Grade-11မှ ကျောင်းသား ကျောင်းသူများက ကြိုတင်ပြင်ဆင်အောင်ပွဲဝင်၊ လူငယ်နှင့်မူးယစ်ဆေး၊ လူငယ်နှင့်ပညာရေး၊ လူငယ်နှင့် ကျန်းမာရေး ခေါင်းစဉ်တို့ဖြင့် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**အောင်မျိုးသူ(ပြန်/ဆက်)**



# ကာလ်မီးကီယာပြည်နယ်အကြီးအကဲနှင့်အဖွဲ့ မန္တလေးမြို့သို့ ရောက်ရှိ



ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာလ်မီးကီယာပြည်နယ်အကြီးအကဲ H.E. Mr. Batu KHASIKOV ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြပြီး ရွှေသင်္ကန်းများ ဆက်ကပ်လှူဒါန်းကြစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၁၁**

ရုရှားဖက်ဒရေးရှင်း နိုင်ငံ ကာလ်မီးကီယာပြည်နယ် အကြီးအကဲ H.E. Mr. Batu KHASIKOV ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်မှ မန္တလေးမြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

**ဆက်ကပ်လှူဒါန်း**

ထို့နောက် ကာလ်မီးကီယာ ပြည်နယ်အကြီးအကဲနှင့် အဖွဲ့သည် မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြပြီး ပန်း၊ ရေချမ်းနှင့် ရွှေသင်္ကန်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် စစ်ကိုင်းမြို့ သီတဂူ အပြည်ပြည်ဆိုင်ရာ ဝိပဿနာ တက္ကသိုလ်ရှိ နိုင်ငံတော်ဩဝါဒါစရိယ ရွှေကျင်နိကာယဥက္ကဋ္ဌ ဂဏာဓိပတိ သောဠသမ ရွှေကျင်သာသနာပိုင် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များနှင့် သီတဂူဆေးရုံတော်များ၏ အဓိပတိ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မဟာဓမ္မကထိက ဗဟုဇန ဟိတဓရ သီတဂူဆရာတော်ဒေါက်တာဘဒ္ဒန္တဉာဏိဿရအား သွားရောက်ဖူးမြော်ကြပြီး ဗုဒ္ဓဘာသာ ပြန့်ပွားရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ အပြန်အလှန် ဆွေးနွေးကြသည်။

ဆက်လက်၍ ကာလ်မီးကီယာ ပြည်နယ်အကြီးအကဲနှင့် အဖွဲ့သည် မန္တလေးမြို့သို့ ပြန်လည်ထွက်ခွာလာပြီး ကုသိုလ်တော်ဘုရား၊ မဟာလောကမာရဇိန် ကျောက်တော်ကြီး ဘုရားနှင့် မန္တလေးတောင်တော်ရှိဆုတောင်းပြည့်စေတီတော်တို့ကို သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

ညနေပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ကာလ်မီးကီယာပြည်နယ် အကြီးအကဲနှင့် အဖွဲ့အား Mingalar Mandalay Hotel ၌ ညစာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**





သီတဂူဆရာတော် ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရအား ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာလ်မီးကီယာပြည်နယ်အကြီးအကဲ H.E. Mr. Batu KHASIKOV ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ သွားရောက်ဖူးမြော်ကြပြီး ဗုဒ္ဓဘာသာပြန့်ပွားရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ အပြန်အလှန်ဆွေးနွေးကြစဉ်။

# ပခုက္ကူခရိုင်အဆင့် မီးဘေးလုံခြုံရေးအထူးကျွမ်းကျင်မှု ဆင့်ပွားသင်တန်းဖွင့်

**မကွေး ဒီဇင်ဘာ ၁၁**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင်အဆင့် မီးဘေးလုံခြုံရေးအထူးကျွမ်းကျင်မှု ဆင့်ပွားသင်တန်းဖွင့်ပွဲကို ဒီဇင်ဘာ ၉ ရက် နံနက် ၈ နာရီက မြို့နယ်မီးသတ်ဦးစီးဌာနရုံး၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ပခုက္ကူခရိုင်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးသိန်းဇော်ဝင်းက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များနှင့် သင်တန်းစည်းမျဉ်း၊ စည်းကမ်းများအကြောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းတွင် ပခုက္ကူခရိုင်အတွင်းရှိ မြို့နယ်မီးသတ်ဦးစီးဌာနများမှ မီးသတ်တပ်ဖွဲ့ဝင် သင်တန်းသား သင်တန်းသူ ၁၂ ဦး တက်ရောက်ကြသည်။ သင်တန်း၌ အရေးပေါ်မီးငြိမ်းသတ်ရေး၊ အန္တရာယ်ရှိဓာတုဗေဒပစ္စည်းများ၊ စက်ရုံ/အလုပ်ရုံ၊ ဟိုတယ်/မိုတယ်၊ အထပ်မြင့်အဆောက်အအုံများအား မီးဘေးလုံခြုံမှုရှိစေရေးနှင့် အရေးပေါ်လွတ်မြောက်မှုအတွက် ထည့်သွင်းတပ်ဆင်တည်ဆောက်ရမည့်ခေတ်မီ Fire Protection System များ၊ Online System ဖြင့် မီးဘေးလုံခြုံရေးဆိုင်ရာလျှောက်ထားခြင်း၊ ထုတ်ပေးခြင်း၊ လုပ်ငန်းလိုင်စင်ခွင့်ပြုမိန့်ပေးခြင်းများဆိုင်ရာဘာသာရပ်များကို သင်တန်းကာလ တစ်ပတ်ကြာ စာတွေ့လက်တွေ့ သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။

**ဆလိုင်းကိုကီး**



☆ **ASEAN မှ**

နောက်တစ်ဆင့်တက်ရေးအတွက် ယခုပွဲများမှာ အရေးပါနေပြီး နိုင်ပွဲရထားသည့် အင်ဒိုနီးရှားအသင်းအနေဖြင့် အိမ်ကွင်း၌ နိုင်ပွဲဆက်ရန် ကြိုးပမ်းရမည်ဖြစ်သလို ရှုံးပွဲကြုံတွေ့ထားသည့် မြန်မာနှင့် လာအိုအသင်းတို့မှာလည်း အမှားမခံတော့သည့် အနေအထားဖြစ်နေသည်။ ပထမဆုံးပွဲကို အိမ်ကွင်းစတင်ကစားရမည့် ဖိလစ်ပိုင်အသင်းမှာလည်း မြန်မာအသင်းထံမှ အမှတ်ရရန် ကြိုးပမ်းမည်ဖြစ်ရာ ပွဲကောင်းတစ်ပွဲဖြစ်လာမည်ဖြစ်သည်။

ဖိလစ်ပိုင်အသင်းနှင့် မြန်မာအသင်း ပွဲကြိုသတင်းစာရှင်းလင်းပွဲကို ဒီဇင်ဘာ ၁၁ ရက်က ပြုလုပ်ရာ မြန်မာ့လက်ရွေးစင်အသင်းနည်းပြချုပ် ဦးမျိုးလှိုင်ဝင်းနှင့် ကွင်းလယ်ကစားသမား လွင်မိုးအောင်တို့ တက်ရောက်ခဲ့သည်။ မြန်မာ့လက်ရွေးစင်အသင်းနည်းပြချုပ် ဦးမျိုးလှိုင်ဝင်းက "ပထမပွဲမှာ အမှတ်ဆုံးရှုံးထားလို့ ကျွန်တော်တို့အတွက် ဒီပွဲစဉ်က အရေးကြီးပါတယ်၊ အနိုင်သုံးမှတ်ရယူနိုင်ဖို့ အကောင်းဆုံးကြိုးစားသွားမှာပါ၊ ပြိုင်ဘက် ဖိလစ်ပိုင်အသင်းကလည်း အသင်းကောင်းတစ်သင်းဖြစ်ပြီး ကျွန်တော်တို့အနေနဲ့ ပြိုင်ဘက်အပေါ် လေးစားမှုရှိပါတယ်" ဟု ပြောသည်။ ကွင်းလယ်ကစားသမား လွင်မိုးအောင်က "ကျွန်တော်တို့ ရောက်နေတဲ့အခြေအနေကို ကျွန်တော်တို့ သိပါတယ်၊ အဲဒီအတွက် တစ်သင်းလုံး သေချာပြင်ဆင်ပြီး ကြိုးစားနေကြပါတယ်၊ မနက်ဖြန်ပွဲစဉ်မှာ ခြေစွမ်းပိုင်းရော ရလဒ်ပါ အကောင်းဆုံးဖြစ်ဖို့ ကြိုးစားသွားမှာပါ" ဟု ပြောသည်။

**သတင်း - ကိုညီလေး၊ ဓာတ်ပုံ - MFF**

# အမေရိကန် ရွေးကောက်ခံသမ္မတ ဒေါ်နယ်ထရမ့်၏ အကောက်ခွန်စည်းကြပ်မှုဆိုင်ရာ မူဝါဒမှန်ကန်ခြင်းမရှိကြောင်း သမ္မတဂျိုးဘိုင်ဒင် ပြောကြား



ဝါရှင်တန် ဒီဇင်ဘာ ၁၁

အမေရိကန် ရွေးကောက်ခံသမ္မတ ဒေါ်နယ်ထရမ့်၏အကောက်ခွန်စည်းကြပ်မှုဆိုင်ရာမူဝါဒသည် မှန်ကန်ခြင်း မရှိကြောင်း အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က ယမန်နေ့တွင် ဝေဖန်ပြောကြားသည်။

ကုန်ပစ္စည်းတင်ပို့သည့် အခြားနိုင်ငံများက အမေရိကန်စားသုံးသူများထက် အခွန်အခကို ပိုမိုပေးဆောင်ရမည်ဆိုသည့် လွဲမှားသည့် ယုံကြည်ချက်ကြောင့် အမေရိကန်နိုင်ငံအတွင်းသို့ တင်သွင်းသည့် ကုန်ပစ္စည်းအားလုံးအပေါ် အခွန်စည်းကြပ်ရန် ဆုံးဖြတ်ထားပုံရကြောင်း ဘိုင်ဒင်က ပြောကြားသည်။

ယင်းအခွန်စည်းကြပ်မှု မူဝါဒသည် မှားယွင်းကြောင်း လွန်ခဲ့သည့် လေးနှစ်အတွင်း သက်သေပြခဲ့ပြီးဖြစ်ကြောင်း သမ္မတ ဂျိုးဘိုင်ဒင်က ထပ်လောင်းပြောကြားသည်။

ထို့ပြင် ငွေကြေးကြွယ်ဝချမ်းသာသူများထံမှ အခြားအခွန်ဖြတ်တောက်ခြင်းနှင့်ပတ်သက်ပြီး ထရမ့်၏အခွန်ကောက်ခံခြင်းအစီအစဉ်ကို ဂျိုးဘိုင်ဒင်က ဝေဖန်ခဲ့သည်။

အမေရိကန် ဘဏ္ဍာရေးဝန်ကြီး ဂျဲနက်ယီလန်က သွင်းကုန်အခွန်စည်းကြပ်ရန် ထရမ့်၏ အဆိုပြုချက်နှင့်ပတ်သက်၍ စိုးရိမ်ပူပန်မှုများကို ဖော်ပြခဲ့ပြီး ငွေကြေးဖောင်းပွမှုကို လျှော့ချရာတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်စေနိုင်ပြီး စားသုံးသူများနှင့် စီးပွားရေးလုပ်ငန်းများအတွက် ကုန်ကျစရိတ် ပိုမိုမြင့်မားစေနိုင်ကြောင်း သတိပေးပြောကြားသည်။

ဒီဇင်ဘာ ၈ ရက်က အင်န်ဘီစီ နယူးအေဂျင်စီနှင့် အင်တာဗျူးတွင် ထရမ့်သည် သူ၏မဲဆွယ်စည်းရုံးရေးတွင် ကတိပေးခဲ့သည့်အတိုင်း အမေရိကန်၏အဓိက ကုန်သွယ်ဖက်များမှ တင်သွင်းသည့် သွင်းကုန်များအပေါ် အကောက်ခွန် စည်းကြပ်မည်ဖြစ်ပြီး အမေရိကန်ပြည်သူများအတွက် အခွန်ကင်းလွတ်ခွင့်ပေးမည် ဖြစ်ကြောင်း ပြောကြားသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အောင်ကျော်ကျော်**



# အမေရိကန်နိုင်ငံ၌ တရားမဝင်နေထိုင်သည့် ရွှေ့ပြောင်းအခြေချသူများကို နှင်ထုတ်မည်ဟု ထရမ့်ပြောကြား

ဝါရှင်တန် ဒီဇင်ဘာ ၁၁

အမေရိကန်နိုင်ငံတွင် လက်ရှိ တရားမဝင်နေထိုင်လျက်ရှိသည့် ရွှေ့ပြောင်းအခြေချသူများကို မိမိ၏ နောက်ထပ်သမ္မတသက်တမ်း လေးနှစ်အတွင်း နှင်ထုတ်မည်ဟု အမေရိကန်ရွေးကောက်ခံသမ္မတ ဒေါ်နယ်ထရမ့်က ပြောကြားခဲ့ကြောင်း ယနေ့ အင်န်ဒီတီဗွီဝေါလ်သတင်းဌာန သတင်းအရ သိရသည်။

ထို့ပြင် မိဘများ၏ ရွှေ့ပြောင်းနေထိုင်မှုဆိုင်ရာ အဆင့်သတ်မှတ်ချက် မည်သို့ပင်ရှိစေကာမူ အမေရိကန်နိုင်ငံတွင် မွေးဖွားသူတိုင်းကို နိုင်ငံသားခံယူခွင့်ပေးသည့် မွေးရာပါနိုင်ငံသားဖြစ်ခွင့်နှင့်ပတ်သက်၍ ပယ်ဖျက်ရန် စီစဉ်နေကြောင်းလည်း ထရမ့်က ထပ်လောင်းပြောကြားသည်။

ထရမ့်သည် နိုင်ငံအတွင်း တရားမဝင်ရွှေ့ပြောင်းနေထိုင်သူများကို အစုလိုက်အပြုံလိုက် ပြည်နှင်ဒဏ်ပေးရန် စီစဉ်ထားသည်။

**ကိုးကား - အင်န်ဒီတီဗွီဝေါလ်**
**ဘာသာပြန် - စိုးသူရ**

# ပါကစ္စတန်နိုင်ငံ၌ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆောင်ရွက်

**အစ္စလာမ်မာဘတ် ဒီဇင်ဘာ ၁၁**

ပါကစ္စတန်နိုင်ငံ၌ အဂတိလိုက်စားမှု တိုက်ဖျက်ရေးအတွက် အုပ်ချုပ်ရေးပိုင်း ဆိုင်ရာတွင် လုပ်ငန်းဆောင်ရွက်ရာ၌ တာဝန်ယူမှုနှင့် ပွင့်လင်းမြင်သာမှုတို့ကို တင်းတင်းကျပ်ကျပ် အကောင်အထည်ဖော် ဆောင်ရွက်မည်ဟု သမ္မတ အဇစ်အလီဇာဒါရီက ဒီဇင်ဘာ ၉ ရက်တွင် ပြောကြားသည်။

တာဝန်ရှိသူများအနေဖြင့်အဂတိလိုက်စားပါက နိုင်ငံသားများသည် အုပ်ချုပ်ရေးစနစ်အပေါ် ယုံကြည်မှုကျဆင်းလာဖွယ်ရှိသည့်အတွက် နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးကို နှောင့်နှေးစေကြောင်း ဒီဇင်ဘာ ၉ ရက်တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးနေ့ သဝဏ်လွှာတွင် သမ္မတက ထပ်လောင်းပြောကြားသည်။



ပါကစ္စတန်နိုင်ငံသည် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကဏ္ဍတွင် ကုလသမဂ္ဂအပါအဝင် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေပြီး တာဝန်ယူမှုရှိသည့် အုပ်ချုပ်ရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်နေကြောင်း ၎င်းက ပြောကြားသည်။

**ကြိုးပမ်းဆောင်ရွက်**

အဂတိလိုက်စားမှုကို အုပ်ချုပ်ရေးစနစ်၏ ကဏ္ဍတိုင်းတွင် ပပျောက်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်းနှင့် ဂုဏ်သိက္ခာရှိပြီး ပွင့်လင်းမြင်သာမှုရှိသည့် လူ့အဖွဲ့အစည်းကို တည်ထောင်ရမည် ဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - စိုးသူရ**

# ကင်ညာနိုင်ငံ၌ မျောက်ကျောက်ရောဂါကူးစက်ခံရသူငါးဦး ထပ်မံတွေ့ရှိ

နိုင်ရိုဘီ ဒီဇင်ဘာ ၁၁

ကင်ညာနိုင်ငံ၌ မျောက်ကျောက်ရောဂါကူးစက်ခံရသူငါးဦး ထပ်မံတွေ့ရှိခဲ့ရာ နိုင်ငံတစ်ဝန်း၌ ရောဂါကူးစက်ခံရသူပေါင်း ၂၈ ဦးအထိရှိလာကြောင်း ကင်ညာကျန်းမာရေးဝန်ကြီးဌာနက အတည်ပြုပြောကြားသည်။

ယခုတွေ့ရှိသည့် ရောဂါကူးစက်ခံရသူများသည် ကင်ညာနိုင်ငံအနောက်ဘက်ရှိ နာကူရူစီရင်စုမှ သုံးဦးနှင့် ကမ်းရိုးတန်းဒေသရှိ မွမ်ဘာဆာစီရင်စုမှ နှစ်ဦးတို့ဖြစ်ကြောင်း သိရသည်။

ရောဂါကူးစက်ခံရသူများအနက် ရှစ်ဦးသည် ကျန်းမာရေးစောင့်ရှောက်မှု ခံယူနေရပြီး နှစ်ဦးမှာ သီးခြားခွဲနေထိုင်လျက်ရှိကြောင်းနှင့် ၁၇ ဦးသည် အပြည့်အဝပြန်လည်ကောင်းမွန်လာကြောင်း ကျန်းမာရေးဝန်ကြီး ဒီဘိုရက်ရှ်ဘာရာဆာက ပြောသည်။ နိုင်ငံအတွင်း၌ရောဂါစတင်ကူးစက်သည့်အချိန်မှစ၍ သေဆုံးသူတစ်ဦးရှိခဲ့ကြောင်း သိရသည်။

ရောဂါကူးစက်မှုနှင့်ပတ်သက်ပြီး နိုးနိုးကြားကြားရှိနေရန်နှင့် ကြိုတင်ကာကွယ်မှုအစီအမံများကို လိုက်နာရန် ပြည်သူများအား ကျန်းမာရေးဝန်ကြီး ဒီဘိုရက်ရှ်ဘာရာဆာက တိုက်တွန်းပြောကြားသည်။ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ရောဂါကူးစက်မှုအခြေအနေကို အနီးကပ်စောင့်ကြည့်ခြင်းနှင့် ကြိုတင်ကာကွယ်ရေးဆိုင်ရာ လုပ်ငန်းစဉ်များကိုကြိုးပမ်းလုပ်ဆောင်လျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

စနစ်တကျ လိုက်နာဆောင်ရွက်ပါက မျောက်ကျောက်ရောဂါသည် ကာကွယ်နိုင်သောရောဂါဖြစ်ကြောင်း ၎င်းက မှတ်ချက်ပြုပြောကြားသည်။ ယခုလအတွင်း ကင်ညာနိုင်ငံသည် မျောက်ကျောက်ရောဂါကာကွယ်ဆေးများ လက်ခံရရှိမည်ဖြစ်သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ကမ္ဘာလုံးဆိုင်ရာ ကြိုးပမ်းမှု၏ တစ်စိတ်တစ်ပိုင်းအဖြစ် မျောက်ကျောက်ရောဂါ ကာကွယ်ဆေးကို လက်ခံရရှိရန် စီစဉ်ထားသော အာဖရိကနိုင်ငံငါးနိုင်ငံတွင် ကင်ညာနိုင်ငံလည်း ပါဝင်ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အောင်ကျော်ကျော်**

# ကမ္ဘောဒီးယားနိုင်ငံရှိ ကျောင်းများတွင် အားဖြည့်အချိုရည်ရောင်းချခြင်းကို တားမြစ်

ဖနောင်ပင် ဒီဇင်ဘာ ၁၁

ကမ္ဘောဒီးယားနိုင်ငံရှိ လူငယ်များတွင် ဆီးချိုရောဂါဖြစ်ပွားမှု သိသိသာသာမြင့်တက်လာခြင်းကြောင့် ကျောင်းများတွင် အားဖြည့်အချိုရည်ရောင်းချခြင်းကို ဒီဇင်ဘာ ၁၀ ရက်ကစတင်၍ တားမြစ်ပိတ်ပင်လိုက်ကြောင်း သိရသည်။

အဆိုပါ လှုပ်ရှားမှုသည် နိုင်ငံအတွင်း အားဖြည့်အချိုရည်များ သောက်သုံးခြင်းကြောင့် နောက်ဆက်တွဲဖြစ်ပေါ်လာသည့် ဆီးချိုသွေးချိုကဲ့သို့သောရောဂါများ ဖြစ်ပွားခြင်းမှ ကာကွယ်ရန်ရည်ရွယ်ကြောင်း ဒုတိယဝန်ကြီးချုပ်နှင့် ပညာရေး၊ လူငယ်နှင့် အားကစားဝန်ကြီးဌာနဝန်ကြီး ဟန်ချွန်နရွန်က ပြောကြားသည်။



ကျောင်းဝင်းအတွင်း အားဖြည့်အချိုရည် အမျိုးမျိုးကို ရောင်းချခြင်း၊ သောက်သုံးခြင်း၊ ဖြန့်ဖြူးခြင်း၊ ကြော်ငြာခြင်းတို့ကို တားမြစ်ထားကြောင်း သိရသည်။

အဆိုပါတားမြစ်ချက်ကို နိုင်ငံတစ်ဝန်းရှိ အစိုးရနှင့်ပုဂ္ဂလိက ပညာရေးအဖွဲ့အစည်းများအပြင် နည်းပညာဆိုင်ရာ ပညာရေးအဖွဲ့အစည်းများအားလုံး လိုက်နာရမည်ဖြစ်သည်။

အားဖြည့်အချိုရည်သောက်ခြင်း၏ ကျန်းမာရေးဆိုင်ရာ ဆိုးကျိုးများကို ကျောင်းသားများအား သတိပေးရန် နရွန်က နိုင်ငံအတွင်းရှိ ကျောင်းများကို ညွှန်ကြားထားသည်။

တားမြစ်ချက်ကို လိုက်နာခြင်းမရှိပါက ရောင်းချသူများထံမှ အားဖြည့်အချိုရည်များ သိမ်းယူရန်နှင့် ဈေးဆိုင်ငှားရမ်းခြင်းကို ရပ်ဆိုင်းရန် ကျောင်းများသို့ ညွှန်ကြားထားသည်။

ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်မာနက်က ပညာရေး၊ လူငယ်နှင့် အားကစားဝန်ကြီးဌာနအား ကျောင်းသားများအကြား ဆီးချိုရောဂါဖြစ်ပွားမှုမှ ကာကွယ်ရန် လိုအပ်သည့်အစီအစဉ်များ ဆောင်ရွက်ရေး ညွှန်ကြားခဲ့သည်။ ဆီးချိုရောဂါသည် ကမ္ဘောဒီးယားနိုင်ငံတွင် သေဆုံးသူအရေအတွက်များပြားသည့်ရောဂါဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီး ချီအန်ရာက ပြောသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - စိုးသူရ**

# ရှာငံမြို့နယ်၌ ရှမ်းပြည်နယ်(မြောက်ပိုင်း)သို့ တရားမဝင် သယ်ဆောင်မည့် ထိန်းချုပ်ဓာတုပစ္စည်း ကဖင်း နှစ်တန်ခန့် သိမ်းဆည်းရမိ

နေပြည်တော် ဒီဇင်ဘာ ၁၁

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၃ ရက် ညနေ ၅ နာရီတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ရှာငံမြို့နယ် မြို့ကြီးကျေးရွာအနီးတွင် သိန်းထိုက်အောင် မောင်းနှင်သည့် ISUZU ၁၂ ဘီးယာဉ်နှင့် ကျော်ဝင်းမောင်းနှင်သည့် FUSO ၁၂ ဘီးယာဉ်တို့ကို သတင်းအရရှာဖွေရာ အဆိုပါယာဉ်နှစ်စီးပေါ်တွင် နွားချေးမြေဩဇာများဖြင့် ဖုံးအုပ်သယ်ဆောင်လာသည့် ထိန်းချုပ်ဓာတုပစ္စည်း ကဖင်း နှစ်တန်ခန့် သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ ကဖင်းများ တရားမဝင် သယ်ဆောင်ရောင်းဝယ်ရာတွင်ပါဝင်သူ နေအောင်အား ဒီဇင်ဘာ ၄ ရက်တွင် ပုသိမ်ကြီးမြို့နယ် နားဋ္ဌေင်းကျကျေးရွာ၌ ဖမ်းဆီးရမိခဲ့ပြီး ကဖင်းများအား မန္တလေးမှ ရှမ်းပြည်နယ်(မြောက်ပိုင်း)သို့ သယ်ဆောင်ခိုင်းသူ အိုက်စိုးပေါက်(ခ)စိုင်းထွန်းထွန်းနှင့် ရင်အောင်သူတို့အား ရှာငံမြို့နယ် မြို့ကြီးကျေးရွာအနီးတွင် Ford Ranger မော်တော်ယာဉ်တစ်စီးနှင့်လည်းကောင်း၊ ချမ်းမြသာစည်မြို့နယ်ရှိ ရင်အောင်သူ၏နေအိမ်မှ Toyato Landcruiser မော်တော်ယာဉ် တစ်စီးကိုလည်းကောင်း။

ပူးပေါင်းပါဝင်သူများဖြစ်သည့် အောင်စိုးလင်း (ခ) အောင်အောင်အား အမရပူရမြို့နယ်တွင်လည်းကောင်း၊ စိုင်းသီဟငယ်(ခ)သီဟ(ခ)မောက်ဆိုင်အား ပုသိမ်ကြီးမြို့နယ်တွင်လည်းကောင်း၊ ဒီဇင်ဘာ ၆ ရက်တွင် မန္တလေးမှ ကဖင်းအိတ်များ သယ်ဆောင်ခဲ့သူ စိုင်းနေမင်းထွန်းအား အောင်မြေသာစံမြို့နယ်တွင် ကဖင်းများ သယ်ဆောင်ပေးခဲ့သည့် Prado ယာဉ်တစ်စီးနှင့်လည်းကောင်း၊ မန္တလေးမြို့၌ ကဖင်းအိတ်များ သိုလှောင်ပေးခဲ့သည့် ဂိုဒေါင်ပိုင်ရှင် ချစ်စိန်အား မဟာအောင်မြေမြို့နယ်တွင်လည်းကောင်း ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိခဲ့သည့် ထိန်းချုပ် ဓာတုပစ္စည်းကဖင်းများအား မူဆယ်မြို့ စွမ်စော်ရပ်ကွက်နေ ယုံကော၏ အစီအမံဖြင့် မန္တလေးတိုင်းဒေသကြီးမှတစ်ဆင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)သို့ တရားမဝင်သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ပြီး နိုင်ငံတကာမူးယစ်ဆေးဝါးတိုက်ဖျက်ရေး အေဂျင်စီများ၏ သုတေသနပြုသတင်းဖလှယ်ချက်များအရ ကဖင်းတစ်တန်အား အခြားဓာတုပစ္စည်းများနှင့်ရောစပ်၍ စိတ်ကြွရူးသွပ်ဆေးပြား ထုတ်လုပ်မည်ဆိုပါက ဆေးပြား ၁၄ သန်းခန့် ထုတ်လုပ်နိုင်ကြောင်း သိရှိရပြီး မြန်မာနိုင်ငံတွင် ၂၀၂၄ ခုနှစ်အတွင်း နယ်စပ်ဒေသများမှတစ်ဆင့် တရားမဝင်တင်သွင်းခဲ့သည့် ထိန်းချုပ်ဓာတုပစ္စည်းကဖင်း ၂၄ တန်ကျော် ဖမ်းဆီးအရေးယူထားရှိသဖြင့် စိတ်ကြွရူးသွပ်ဆေးပြား ၃၃၆ သန်းကျော် ထုတ်လုပ်ခြင်းကို တားဆီးကာကွယ်နိုင်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။




ပြစ်မှုကျူးလွန်သူများအား သိမ်းဆည်းရမိသည့် ထိန်းချုပ်ဓာတုပစ္စည်းကဖင်းများနှင့်အတူ တွေ့ရစဉ်။

သတင်းစဉ်

# တရားမဝင်သစ်မျိုးစုံ၊ ရေနံစိမ်းများ၊ စားသောက်ကုန်၊ လုပ်ငန်းသုံးနှင့် လူသုံးကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ ဆိုင်ကယ်များနှင့် ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် ဒီဇင်ဘာ ၁၁

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၉ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ ၂၀ အတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း လေးမျိုး၊ လူသုံးကုန်ပစ္စည်း တစ်မျိုး (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေ ၇၃၄၈၂၁၁၂၈ကျပ်)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မင်းဘူးမြို့ မန်းရေနံမြေအတွင်း၌ တရားမဝင်ရေနံစိမ်း ၁၂ ဂါလန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၂၀၀၀) နှင့် အဆိုပါရေနံစိမ်းများ တင်ဆောင်ထားသည့် မော်တော်ဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၀၀၀၀)ကို ပြည်သူပိုင်ပစ္စည်းကာကွယ်ရေး အက်ဥပဒေအရလည်းကောင်း၊ မကွေးမြို့ အောင်ရတနာရပ်ကွက်၌ လိုင်စင်မဲ့ New Anbo 125 ဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၅၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၉၂၀၀၀ ကိုသိမ်းဆည်း အရေးယူဆောင်ရွက်လျက်ရှိသည်။



ပဲခူးတိုင်းဒေသကြီး၌ သိမ်းဆည်းရမိမှု။

ထို့ပြင် ဒီဇင်ဘာ ၁၀ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဇာသပြင်ပူးပေါင်းစစ်ဆေးရေးဂိတ်၌ ဘားအံမြို့မှ မော်လမြိုင်မြို့သို့ သွားရောက်မည့် ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း သုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၅၆၂၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Hiace တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉၅၆၂၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့ကစစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ရတနာပုံတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့မော်တော်ယာဉ် သုံးစီး (စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၃၀၀၀၀၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်၊ ညောင်လေးပင်ခရိုင်၊ တောင်ငူခရိုင်နှင့် ပြည်ခရိုင်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် ၂ ဒသမ ၈၂၄တန်၊ သစ်မာ ၁ ဒသမ ၄၃၃တန်၊ အခြားသစ် သုည ဒသမ ၇၁၆တန် (စုစုပေါင်းခန့်မှန်းတန်ဖိုးငွေ ၃၅၅၈၀၀၈ကျပ်)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရတနာပုံတံတား (မန္တလေး) စစ်ဆေးရေးစခန်း၌ မန္တလေးမြို့မှ စစ်ကိုင်းမြို့သို့ သွားရောက်မည့် မော်တော်ယာဉ်နှစ်စီးပေါ်မှ တရားမဝင် စက်သုံးဆီ ဓာတ်ဆီ ရှစ်ပီပါ (ခန့်မှန်းတန်ဖိုးငွေ ၅၆၀၄၄၂၄ ကျပ်) နှင့် အဆိုပါစက်သုံးဆီများ တင်ဆောင်လာသည့် Hyundai Porter II Pickup တစ်စီးနှင့် KIA Bongo III Pickup တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀) စုစုပေါင်းခန့်မှန်းတန်ဖိုးငွေ ၄၅၆၀၄၄၂၄ ကျပ်ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံး လုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၉ ရက်နှင့် ၁၀ ရက်တို့တွင်ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ(၂၅)မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၃၇၇၃၇၅၆၀)ကို သိမ်းဆည်းရမိခဲ့သည်။ ထိုကဲ့သို့ တရားမဝင် တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ဈေးကွက် ယှဉ်ပြိုင်နိုင်မှုစွမ်းအား ကျဆင်းခြင်းနှင့် ထိခိုက်နစ်နာမှုများဖြစ်ပေါ်နိုင်စေပြီး နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့်အခွန်ဘဏ္ဍာ ဆုံးရှုံးနစ်နာခြင်းများ ဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်၍ တရားမဝင် တင်သွင်းမှုများအား သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက်ပိုမို တားဆီးစစ်ဆေး ကြပ်မတ် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၂-၁၂-၂၀၂၄ ကြာသပတေးနေ့

### MRTV HD

- ၀၆:၀၀ ပင်းကွန်းဆရာတော်ဘုရားကြီး၏ ပရိတ်တရားတော်(ဓဇဂ္ဂသုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၇:၅၀ ၂၀၂၄ခုနှစ်ပဥ္စမအကြိမ်မြောက်အမျိုးသားအားကစားပွဲတော်ဘော်လီဘောပြိုင်ပွဲ (အမျိုးသမီး)တိုက်ရိုက်ထုတ်လွှင့်မှု(ဗိုလ်လုပွဲ)
- ၀၉:၅၀ ၂၀၂၄ခုနှစ်ပဥ္စမအကြိမ်မြောက်အမျိုးသားအားကစားပွဲတော်ဘော်လီဘောပြိုင်ပွဲ (အမျိုးသား)တိုက်ရိုက်ထုတ်လွှင့်မှု(ဗိုလ်လုပွဲ)
- ၁၁:၄၀ NEXT LEVEL
- ၁၂:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'ဆုတောင်းပြည့်ကြယ်တာရာစေတလာ' (အပိုင်း-၁၃)
- ၁၃:၃၀ MRTV National News
- ၁၆:၄၅ မျိုးဝက်တင့်စေဆိုကရေးတီးအငွေ
- ၁၆:၅၀ ပေါင်းစည်းနွဲပျော် အမျိုးသားအားကစားပွဲတော်
- ၁၇:၁၀ Soccer View
- ၁၇:၂၅ လူမှုစီးပွားသတင်းများ
- ၁၈:၃၅ ပြည်ချစ်သားမွန်တေးသဝဏ်
- ၁၈:၄၅ အမျိုးသားအားကစားပွဲတော်ဝုဏ်ပြုတေး
- ၁၉:၁၅ မြန်မာဇာတ်လမ်းတွဲ 'ရတနာပုံ'(အပိုင်း-၃)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၅ အမျိုးသားအားကစားပွဲတော်(Highlights)(8)
- ၂၁:၂၀ ပြည်ချစ်သားမွန်တေးသဝဏ်
- ၂၁:၄၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ယုံကြည်ရာလမ်း' (အပိုင်း-၃၆)
- ၂၂:၂၅ ရုပ်မြင်သံကြားဇာတ်လမ်း

### mitv

- 07:02 Evergreen Classic: Myitta Phyan Mha Lenn Senn Mal (Thida Theint)
- 07:10 Thatbyinnyu Temple
- 07:24 Wushu Kids & Their Limit (Ep-2)
- 07:37 A Visit To Ye
- 08:01 News
- 08:26 Kay Tu Mar Lar "The Family"
- 08:37 Ramayana Classic Talk & Discussion (Episode-3)
- 09:01 Faith & Worship (Part-1)
- 09:19 A Glimpse of Taungoo & its Delicacies
- 09:34 Offering the Lotus Robe of its Kind
- 10:01 News
- 10:27 Myanmar Childhood Games (Episode-3)
- 10:36 Lisu Village Resort

### MRTV NRC

**ကချင် (၀၆:၀၀ မှ ၀၈:၀၀)**
မူလာရှီးဒီးသို့အလည်တစ်ခေါက်

**ကယား (၀၈:၀၀ မှ ၁၀:၀၀)**
သဘာဝအလှတရားရှိရာ ထီးစဲခါးရေတံခွန်ဆီ

**ဝကောကရင် (၁၀:၀၀ မှ ၁၁:၀၀)**
သံပရာသီးနှင့်ကျန်းမာရေး

**အနောက်ပိုးကရင် (၁၁:၀၀ မှ ၁၂:၀၀)**
ကရင်ရိုးရာဝက်သားနှင့်မျှစ်ဖက်ထုပ်ပေါင်း

**အရှေ့ပိုးကရင် (၁၂:၀၀ မှ ၁၃:၀၀)**
စာပေစကားပြောရအောင်(အပိုင်း-၂)

**ချင်း(လိုင်ဇိုး) (၁၃:၀၀ မှ ၁၄:၀၀)**
ဆောင်းတွင်းမှာတစ်မူထူးခြားပြီး သာယာလှပတဲ့ဖလမ်းမြို့

**ချင်း(ချိုး) (၁၄:၀၀ မှ ၁၅:၀၀)**
ချင်း(ချိုး)ဘာသာစကားပြောကြရအောင်(အပိုင်း-၇)

**မွန် (၁၅:၀၀ မှ ၁၇:၀၀)**
လုံခြုံနွေးထွေးအရိပ်ပေးမွန်တို့ရိုးရာအိမ်ကလေး

**ရခိုင် (၁၇:၀၀ မှ ၁၉:၀၀)**
သဲပုံစေတီပွဲတော်(သျှစ်သောင်းမြောက်ပွဲ)

**ရှမ်း (၁၉:၀၀ မှ ၂၁:၀၀)**
ကိုယ်ဝန်ဆောင်မိခင်များ စိတ်အပြောင်းအလဲမြန်ရခြင်းအကြောင်း

**ဝ (၂၁:၀၀ မှ ၂၃:၀၀)**
ဝဘာသာစကားပြောကြရအောင် (အစားအသောက်ဆိုင်ရာအခေါ်အဝေါ်များ)

### MRTV NEWS

- ၀၆:၀၀ အဖွင့်၊တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၉:၀၀ ပြည်တွင်းသတင်း(LIVE)
- ၀၉:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၁:၀၀ ပြည်တွင်းသတင်း(LIVE)
- ၁၂:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၄:၀၀ MRTV National News
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
- ၁၇:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၂၀:၀၀ ပြည်တွင်းသတင်း(LIVE)
- ၂၀:၃၀ နိုင်ငံတကာသတင်း(LIVE)

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊အလံ
- ၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသောနိုင်ငံများအကြောင်းသိကောင်းစရာများ 'ရုရှားနိုင်ငံ'
- ၀၉:၃၀ ဥပဒေရေးရာအပြာပြာဇာတ်လမ်းတို 'အငှ'
- ၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသောနိုင်ငံများအကြောင်းသိကောင်းစရာများ 'စစ်မှုထမ်းဥပဒေကျင့်သုံးသေးတဲ့နိုင်ငံများအကြောင်း'
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း 'အင်ဒိုနီးရှားနိုင်ငံ'
- ၁၁:၃၀ ရွှေသို့ချီမည်ပန်းတိုင်ဆီ (အပိုင်း-၄၂)

### MRTV FARMERS' / HTV Channel

- ၀၆:၀၀ အဖွင့်၊နိုင်ငံတော်သီချင်း
- ၀၆:၁၅ နေကြာစိုက်ပါပျားမွေးပါ
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
- ၁၈:၃၅ Family Farmers - the Future of Asia and the Pacific
- ၁၉:၂၅ Day in the Life of a Small Farm-1
- ၁၉:၄၅ International Music Hits Slow Rock
- ၂၀:၀၀ ချွန်စက်(ဇာတ်လမ်း)
- ၂၂:၀၀ Puss In Boots The Last Wish (နိုင်ငံခြားဇာတ်လမ်း)

### MRTV SPORTS / HTV Sports

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
- ၀၆:၅၀ Sports Diary
- ၀၇:၀၀ အားကစားသတင်း
- ၀၈:၀၀ အမျိုးသားအားကစားပွဲတော်ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသမီးဘော်လီဘောပြိုင်ပွဲ(ဗိုလ်လုပွဲ) တိုက်ရိုက်ထုတ်လွှင့်မှု
- ၁၀:၀၀ အမျိုးသားအားကစားပွဲတော်ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသားဘော်လီဘောပြိုင်ပွဲ(ဗိုလ်လုပွဲ) တိုက်ရိုက်ထုတ်လွှင့်မှု

Scan Here
MRTV | MRTV | MRTV Radio | MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

# အသိဉာဏ်ပညာဖွံ့ဖြိုးဖို့ စာဖတ်ကြပါစို့

**စံမြတ်ဘုန်း(စစ်ကိုင်း)**



သတ္တဝါအားလုံးထဲတွင် လူသည် အသိဉာဏ်အရှိဆုံး ဖြစ်ပါသည်။ အသိဉာဏ်ကို သတိပညာဖြင့် တည်ဆောက်ရလေ့ရှိပြီး ပညာက ကမ္ဘာကို အုပ်စိုးနိုင်စေသည်။ ပညာပြည့်ဝနှလုံးလှ ဆိုစကားအတိုင်း ပညာပြည့်ဝသူတစ်ယောက်၏ နှလုံးသားသည် ချင့်ချိန်နိုင်စွမ်းအား မြင့်မားကြပေသည်။ ငယ်စဉ်ကပင် အခြေခံဖတ်စာကို လေ့လာမှတ်သား၍ စာပေပညာများ သင်ကြားကြရသည်။ စာဖတ်ခြင်းဓလေ့ကို ပြုစုပျိုးထောင်ရာတွင် ယနေ့လူငယ် နောင်ဝယ်လူကြီးဖြစ်လာကြမည့် ကလေးငယ်များ၏ စာဖတ်ချင်စိတ်ကို နှိုးဆွပေးရမည်ဖြစ်ပြီး ကလေးဘဝကတည်းကပင် ရွှေသွေး၊ တေဇ၊ မိုးသောက်ပန်းကဲ့သို့ ရုပ်စုံစာစောင်များကို ဖတ်ရှုစေသင့်သည်။ အရုပ်ကြည့်ရင်း စာဖတ်သင်သည့်ပုံစံမျိုးဖြစ်သည်။ စာဖတ်ခြင်းမှ အကောင်းနှင့်အဆိုးသဘောတရားများကို အတွေးပုံရိပ်မှတစ်ဆင့် သိရှိနိုင်စွမ်းရှိသောကြောင့်ဖြစ်ပါသည်။

**စိတ်အာဟာရပြည့်ဝမှုကို ပေးစွမ်းနိုင်သည့် စာအုပ်စာပေများ**

အဆင့်အတန်းမြင့်မားသော ဘဝတစ်ခုရရှိရေး စာကောင်းပေမွန်သည် အလိုအပ်ဆုံးဖြစ်သည်။ စာပေအမျိုးအစားများစွာရှိသည့်အနက် အချစ်၊ ရသ၊ ဟာသ နှစ်သက်ရာ ဖတ်ရှုနိုင်ကြသည်။ သုတ၊ ရသကို ဖတ်ရှုသင့်သကဲ့သို့ စိတ်အာဟာရပြည့်ဝမှုကို ပေးစွမ်းနိုင်သည့် စာအုပ်စာပေများကိုလည်း လေ့လာထားရမည်ဖြစ်သည်။ စာအုပ်စာပေမှ ပညာဗဟုသုတကြွယ်ဝခြင်း၊ အတွေးအခေါ်ရင့်သန်ခြင်း အကျိုးကျေးဇူးများကို ခံစားရရှိစေနိုင်ပြီး ဦးနှောက်၏ဖြန့်ကြက်နိုင်စွမ်းအားအလိုက် အတွေးအခေါ်များ ပိုမိုအားကောင်းလာနိုင်သည်။ စာဖတ်ခြင်းသည် ခရီးသွားခြင်းနှင့်တူသကဲ့သို့ အခက်အခဲတစ်ခုကို ကူညီဖြေရှင်းပေးသည့် မိတ်ဆွေကောင်းသဖွယ်ဖြစ်သည်။ သိလိုသမျှ ရှင်းပြနိုင်သည့် ဆရာတစ်ဆူအဖြစ်လည်း သတ်မှတ်နိုင်သည်။

စာပေ၏ တန်ခိုးသတ္တိက ကြီးမားလှသည်။ မိမိ၏ မေးမှိန်နေသော ဖွဲ့၊ လုံ့လ၊ ဝီရိယကို နိုးထစေသကဲ့သို့ စိတ်ဓာတ်ကြမ်းတမ်းသူတစ်ယောက်ကို နူးညံ့ယဉ်ကျေးစေနိုင်သည်။ သနားကြင်နာစိတ်၊ ညှာတာစိတ်များ ရှင်သန်ကြီးထွားစေနိုင်သည်။ အဆိုးနှင့်အကောင်းကို သရုပ်ခွဲခြား ချိန်ဆတတ်စေသည်။ ဒေါသဦးဆောင်ရမည့်နေရာကို သည်းခံခြင်းအစားထိုးလာနိုင်သည်။ စာဖတ်ရာတွင်လည်း စိတ်နှလုံးသားကို နူးညံ့စေမည့် စာအုပ်ကောင်းများကို ကြိုက်နှစ်သက်တတ်လာသည်။ တစ်အုပ်ပြီးတစ်အုပ်ဖတ်လျက် လူ့ဘဝများစွာကို စာနာနားလည်နိုင်စွမ်းရှိလာပြီး လူ့ပတ်ဝန်းကျင်နှင့် သဘာဝအလှတရားများ၏ သတ္တိနှင့် စွမ်းအားများကို ညို့ယူခံစားတတ်လာမည်ဖြစ်သည်။

**လက်တွေ့နှင့် စိတ်ကူးယဉ် ဘဝနှစ်ခုကို စာဖတ်ခြင်းကသာ ပြောင်းပြန်လှန်ပေးနိုင်**

အမြင်မတူညီမှုက အတူမမြင်နိုင်ပေ။ စာရေးသူတစ်ယောက်သည် စိတ်ကောင်းနှလုံးကောင်းဖြင့် စာရေးကြရပေသည်။ စာရေးသူ၏အတွေးလှသလောက် စိတ်ကူးပုံဖော်ရေးသားမှုတို့သည်လည်း လက်ရာမြောက် သက်ဝင်ကြစမြဲဖြစ်သည်။ ကဗျာ၊ ဝတ္ထုတို၊ ဝတ္ထုရှည် အစရှိသော အနုစိတ်ဖန်တီးမှုလက်ရာများသည်စာရေးသူတစ်ယောက်၏ အတွေးအမြင် ဖြန့်ကြက်ခြင်းမှတစ်ဆင့် ဖြစ်ပေါ်လာသော အတွေးပုံရိပ်များဖြစ်ပေသည်။ ထိုအတွေးပုံရိပ်များထဲတွင် အချစ်နှင့် အမုန်း၊ အဖြူနှင့် အမည်းသဲကွဲစေသည့် ဘဝသင်ခန်းစာများစွာပါဝင်သည်။ စာတစ်ကြောင်းဖြင့် ဘဝတစ်ခု သိမ်မွေ့သွားနိုင်သည်။ အကျင့်တစ်ခုချေဖျက်ပစ်နိုင်သည်။ သို့ဖြစ်၍ အတွေးအမြင်မှန်ကန်တည့်မတ်ဖို့ စာဖတ်စို့ဟု တိုက်တွန်းချင်မိသည်။ ကာတွန်း၊ ပုံပြင်၊ ဝတ္ထုများတွင် မှန်ကန်သော အတွေးအမြင်ဖြစ်ပေါ်စေရန် မီးမောင်းထိုးပြထားပေသည်။ လမ်းမလွဲဖို့ လမ်းညွှန်ပေးသည်။ ဘဝကို မည်ကဲ့သို့တည်ဆောက်ကြမည်နည်း။ တက်ကြွသော စိတ်ဓာတ်တစ်စုံရရှိရေး မည်သည့်နည်းလမ်းကို ကျင့်သုံးကြမည်နည်း။ နှလုံးသားကို နူးညံ့လာအောင် မည်ကဲ့သို့ဆောင်ရွက်ရမည်နည်း။ နှလုံးသား၏အမေးကို ဦးနှောက်ကဖြေဆိုပြီး ဘဝကို လက်တွေ့ကျကျ တည်ဆောက်ကြရမည်ဖြစ်သည်။ လက်တွေ့နှင့် စိတ်ကူးယဉ်ဘဝနှစ်ခုကို စာဖတ်ခြင်းကသာ ပြောင်းပြန်လှန်ပေးနိုင်ပေသည်။

စာတစ်အုပ်ချင်းဖတ် တစ်ရက်ချင်း ခရီးသွားကြရပေမည်။ ဘဝက လက်တွေ့ဆန်ပေသည်။ နံရံတစ်ချပ်ကို ထိုးဖောက်လိုလျှင် တူကဲ့သို့ မာကြောသော အရာဝတ္ထုရှိရန် လိုအပ်သည်။ ထူထဲသောနံရံကို ထိုးဖောက်လိုစိတ်ရှိရမည်ဖြစ်ပြီး အဆိုပါစိတ်ဓာတ်နှင့် ရှေ့သို့တိုး၍ လုပ်ဆောင်ရမည်ဖြစ်သည်။ တကယ်လုပ်အဟုတ်ဖြစ်ရမည် ဆိုစကားက စိတ်ဓာတ်ခွန်အားကို မြင့်တက်စေသည်။ စိတ်ဓာတ်မကျရေး စာဖတ်ပေးရန်လိုပေသည်။ ဘဝသက်တမ်းသည်တိုသလောက် သံသရာက ရှည်လျားလွန်းသောကြောင့် အသိဉာဏ်ပညာမြင့်မားရေး ကြိုးစားကြရမည်ဖြစ်သည်။ ဘဝထဲကစာ၊ စာထဲကဘဝများစွာ၏ သုခနှင့် ဒုက္ခကို သင်ယူပြီး လူ့တန်ဖိုး လူ့အသိဖြင့် လူ့ပတ်ဝန်းကျင်တစ်ရပ်လုံးကို အလှဆုံးပြုပြင် တည်ဆောက်သွားကြရမည်ဖြစ်သည်။

**စာပေမြင့်မှ လူမျိုးတင့်**

မျက်စိကောင်းတုန်း စာဖတ်ရမည်ဖြစ်သည်။ နားကောင်းတုန်း နှလုံးသားအာဟာရ ဗဟုသုတများ စုဆောင်းသင့်သည်။ စာပေမြင့်မှ လူမျိုးတင့် ဟူသောဆိုစကားလည်း ရှိပေသည်။ ယနေ့ စာအုပ်စာပေများသည် နောင်တစ်ချိန် အဟောင်းတန်းတွင် ရှာဖွေမရဖြစ်လာနိုင်သည်။ အဟောင်းအမြင်းတန်ဖိုးရှိလှသည့် စာအုပ်များခြစားခံရနိုင်သည်။ စက္ကူစုတ်သဖွယ် အသုံးပြုလာကြမည်ဖြစ်သည်။ စာဖတ်အားနည်းလာမှုကိုပြဆိုသော သရုပ်သကန်ကို စာချစ်သူအားလုံးက စာဖတ်ရှိန်မြင့်တက်ရေး၊ ပြန်လည်ဦးမော့လာစေရေး စွမ်းဆောင်ကြရမည်ဖြစ်သည်။ ရေးသူ၊ ဖတ်သူ အားပြိုင်မှုရှိမှသာ မဂ္ဂဇင်း၊ စာစောင်များ ရေရှည်ရပ်တည်နိုင်မည်ဖြစ်သည်။ တန်ဖိုးထားထုတ်ဝေသလောက် စာဖတ်သူလက်ထဲ မရောက်သည့်စာအုပ်များ အဟောင်းတန်းရောက်ကြရပေသည်။ သို့ဖြစ်၍ စာပေချစ်သူများအနေဖြင့် စာဖတ်ရှိန်မြင့်တင်ရေးအတွက် စာအုပ်စာပေများကိုထိန်းသိမ်းရင်း စာဖတ်၊ စာဖတ်ရင်းထိန်းသိမ်းကြမည်ဆိုပါက စာဖတ်၊ စာတတ်သူများ၏ စာရွက်လှန်သံများ အမြဲမပြတ်ကြားသိနိုင်မည်ဖြစ်ပါကြောင်းရေးသားလိုက်ရပါသည်။ ။

❖



**❝စာတစ်အုပ်ချင်းဖတ် တစ်ရက်ချင်း ခရီးသွားကြရပေမည်။ ဘဝက လက်တွေ့ဆန်ပေသည်။ နံရံတစ်ချပ်ကို ထိုးဖောက်လိုလျှင် တူကဲ့သို့ မာကြောသော အရာဝတ္ထုရှိရန် လိုအပ်သည်။ ထူထဲသောနံရံကို ထိုးဖောက်လိုစိတ်ရှိရမည်ဖြစ်ပြီး အဆိုပါစိတ်ဓာတ်နှင့် ရှေ့သို့တိုး၍ လုပ်ဆောင်ရမည်ဖြစ်သည်။ တကယ်လုပ်အဟုတ်ဖြစ်ရမည် ဆိုစကားက စိတ်ဓာတ်ခွန်အားကို မြင့်တက်စေသည်။ စိတ်ဓာတ်မကျရေး စာဖတ်ပေးရန်လိုပေသည်။ ဘဝသက်တမ်းသည် တိုသလောက် သံသရာက ရှည်လျားလွန်းသောကြောင့် အသိဉာဏ်ပညာမြင့်မားရေး ကြိုးစားကြရမည်ဖြစ်သည်။ ဘဝထဲကစာ၊ စာထဲကဘဝများစွာ၏ သုခနှင့် ဒုက္ခကိုသင်ယူပြီး လူ့တန်ဖိုး လူ့အသိဖြင့် လူ့ပတ်ဝန်းကျင်တစ်ရပ်လုံးကို အလှဆုံးပြုပြင် တည်ဆောက်သွားကြရမည်❞**

# ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေသတွင်းခရီးသွားလုပ်ငန်းကို ဘက်ပေါင်းစုံမှ အဆင့်မြှင့်တင်သွားရန် လမ်းညွှန်မှာကြား

**ပဲခူး ဒီဇင်ဘာ ၁၁**

တိုင်းဒေသကြီး ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီအစည်းအဝေးကို ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

**ခရီးစဉ်အသစ်များ ထပ်မံဖော်ထုတ်**

ဦးစွာ ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ပွင့်လင်းရာသီရောက်ရှိလာပြီဖြစ်၍ ဒေသတွင်း ခရီးသွားလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဘက်ပေါင်းစုံမှ မြှင့်တင်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးအတွင်း ရာသီအလိုက် ပွဲတော်များ၊ အထင်ကရ ဘာသာရေးပွဲတော်များ၊ လေ့လာစရာ ရှေးဟောင်းယဉ်ကျေးမှုနယ်မြေများ ခရီးစဉ်ဒေသလိုက် လာရောက်လည်ပတ်ရန်နေရာ၊ တည်းခိုရန်နေရာ၊ စားသောက်ရန်နေရာများရှိပြီး ခရီးစဉ်အသစ်များ ထပ်မံဖော်ထုတ်ရန်လိုအပ်ကြောင်း၊ ပြည်တွင်း/ပြည်ပ ခရီးသွားဧည့်သည်များ စိတ်အေးချမ်းသာစွာ လည်ပတ်နိုင်ရေး မြို့တိုင်း သန့်ရှင်းသာယာလှပစေရေး၊ ပန်းပေါင်းစုံဖူးပွင့်ဝေဆာနိုင်ရေး၊ ပန်းခြံများနှင့် အများသုံးသန့်စင်ခန်းများ အစဉ်အမြဲသန့်ရှင်းစေရေး ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှု ဦးစီးဌာန တိုင်းဒေသကြီးတာဝန်ခံက ဟိုတယ်လုပ်ငန်းသက်တမ်းတိုးခြင်း၊ တည်းခိုရိပ်သာ သက်တမ်းတိုးခြင်းနှင့် ဧည့်လမ်းညွှန်သက်တမ်းတိုးခြင်း အမှုတွဲများကို သက်ဆိုင်ရာထောက်ခံချက်များဖြင့် အသေးစိတ်ရှင်းလင်းတင်ပြသည်။

ပဲခူးတိုင်းဒေသကြီးအတွင်းသို့ ၂၀၂၄ ခုနှစ် ဇန်နဝါရီလမှ နိုဝင်ဘာလအထိ ပြည်တွင်းခရီးသွား ၃၉၉၆၃၇ ဦး၊ ပြည်ပခရီးသွား ၆၃၂၉ ဦးဝင်ရောက်ခဲ့ပြီး ငွေကျပ် ၄၉၀၉ ဒသမ ၃၄ သန်းရရှိခဲ့၍ ကာလတူနှိုင်းယှဉ်ချက်အရ ပြည်တွင်းခရီးသွား ၁၃၇၅၁ ဦးနှင့် ဝင်ငွေကျပ် ၆၅၁ ဒသမ ၂၅ သန်း ပိုမိုတိုးတက်ခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**



# ဟားခါးမြို့နယ် ချွန်ကျုံးရွာကို လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်ခြင်းကြောင့် ကလေးများအပါအဝင် ပြည်သူလေးဦး သေဆုံးပြီး ကိုးဦး ဒဏ်ရာရရှိခဲ့ကြောင်း သတင်းအမှားများ မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၁၁**

ချင်းပြည်နယ် ဟားခါးမြို့နယ် ချွန်ကျုံးရွာကို လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်ခြင်းကြောင့် ကလေးများအပါအဝင် ပြည်သူလေးဦး သေဆုံးပြီး ကိုးဦး ဒဏ်ရာရရှိခဲ့ကြောင်း တရားမဝင် ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။




အဆိုပါသတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာ လုံခြုံရေးတာဝန်ရှိသူများ၏ ပြောကြားချက်အရ ၎င်းဒေသများတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အကြမ်းဖက်သမားများ ဝင်ရောက်ခိုအောင်းနေထိုင်ကြောင်း သတင်းပေးပို့မှုများ ရရှိလာပါက အကြမ်းဖက်သမားများ အမှန်တကယ်ဝင်ရောက်နေထိုင်မှု ရှိ၊ မရှိနှင့် ဒေသခံပြည်သူများနေထိုင်ခြင်း ရှိ၊ မရှိကို ဝေဟင်ကင်းထောက်ခြင်းများအပြင် နည်းလမ်းမျိုးစုံအသုံးပြု၍ စုံစမ်းစစ်ဆေးပြီးမှ တုံ့ပြန်ဆောင်ရွက်ခြင်းများပြုလုပ်ကြောင်း၊ အကြမ်းဖက်သမားများကသာ နယ်မြေတည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန်ရည်ရွယ်၍ ကျေးရွာများအတွင်းသို့ လက်နက်ကြီး၊ လက်နက်ငယ်များ၊ Drop Bomb များဖြင့် ပစ်ခတ်ခဲ့မှုကြောင့် အပြစ်မဲ့အရပ်သားပြည်သူများ သေဆုံးထိခိုက်ဒဏ်ရာရရှိမှုများရှိခဲ့ကြောင်းနှင့် ထိုသို့အကြမ်းဖက်သမားများ၏ လုပ်ရပ်များကို ဖုံးကွယ်ရန်နှင့် တပ်မတော်အပေါ် ပြည်သူလူထုမှ အထင်အမြင်လွဲမှားစေရန် ပြည်ဖျက်မီဒီယာများက လူမှုကွန်ရက်တွင် မဟုတ်မမှန်သတင်းများ ရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# မြဝတီမြို့၌ အခြေခံစားသုံးကုန်ပစ္စည်းများ ဈေးနှုန်းချိုသာစွာ တစ်ပတ်နှစ်ကြိမ် ဖွင့်လှစ်ရောင်းချပေးမည်

**မြဝတီ ဒီဇင်ဘာ ၁၁**

ကရင်ပြည်နယ် မြဝတီမြို့နယ်အတွင်းရှိ ပြည်သူများအနေဖြင့် အခြေခံ စားသုံးကုန်ပစ္စည်းများကို ဈေးနှုန်းချိုသာစွာဖြင့် ဝယ်ယူနိုင်ရေးနှင့် ကုန်ဈေးနှုန်းတည်ငြိမ်မှုရှိစေရေးတို့အတွက် ပြည်နယ်အစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် မြဝတီမြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ သက်ဆိုင်ရာဌာနများနှင့် လုပ်ငန်းရှင်များ ပူးပေါင်း၍ ယနေ့နံနက် ၇ နာရီတွင် အမှတ်(၄) ရပ်ကွက် ဘုရင့်နောင်ဈေးရှေ့၌ အခြေခံစားသုံးကုန်ပစ္စည်းများ ဖွင့်လှစ်ရောင်းချပေးသည်။



**ချိုသာသောနှုန်းထားဖြင့် ဝယ်ယူနိုင်**

ထိုသို့ ရောင်းချပေးရာတွင် မြဝတီမြို့နယ်အတွင်းရှိ ပြည်သူများအနေဖြင့် အခြေခံစားသုံးကုန်ပစ္စည်းများကို လက်လီပေါက်ဈေးထက်ချိုသာသော နှုန်းထားဖြင့် ဝယ်ယူနိုင်ရန်အတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်ကျော်ဦးနှင့် ဝန်ထမ်းများ၊ သက်ဆိုင်ရာဌာနများနှင့် ဒေသခံလုပ်ငန်းရှင်များ ပူးပေါင်း၍ ဆန်၊ ကြက်သား၊ အမဲသား၊ ဝက်သား၊ ဆိတ်သား၊ ငါး၊ ကြက်ဥနှင့်ဟင်းသီးဟင်းရွက်များကို စုပေါင်းရောင်းချပေးခြင်းဖြစ်သည်။

**ရောင်းချပေး**

အလားတူ အခြေခံစားသုံးကုန်ပစ္စည်းများအား စုပေါင်းရောင်းချပေးခြင်းကို မြဝတီမြို့နယ်အတွင်း မြို့ပေါ်ရပ်ကွက်များ၌ တစ်ပတ်လျှင်နှစ်ကြိမ် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ဇာဖြူဝင်း(မြဝတီ)**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး / ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၂-၁၂-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၀၆၅ | ၃၁၄၅ | ၃၁၂၀ | ၃၀၇၅ | ၃၁၄၅ | ၃၁၆၀ | ၃၁၇၀ | ၃၁၂၅ | ၄၅၀၅ | ၃၂၀၀ | ၃၁၃၅ | ၃၁၅၀ | ၃၁၀၀ | ၃၁၇၀ | ၃၁၈၅ | ၃၅၈၅ | ၃၉၅၀ |
| 95 Ron | ၃၁၈၀ | ၃၂၆၀ | ၃၂၃၅ | ၃၁၈၅ | ၃၂၆၀ | ၃၂၇၅ | ၃၂၈၅ | ၃၂၄၀ | ၄၅၆၀ | ၃၃၉၅ | ၃၂၅၀ | ၃၂၆၅ | ၃၂၉၅ | ၃၂၈၅ | ၃၂၉၅ | ၃၇၀၀ | ၄၁၀၀ |
| HSD (500 ppm) | ၂၆၃၀ | ၂၇၁၀ | ၂၆၈၅ | ၂၆၄၀ | ၂၇၁၀ | ၂၇၂၅ | ၂၇၃၅ | ၂၆၉၀ | - | ၂၈၅၀ | ၂၇၀၀ | ၂၇၁၅ | ၂၇၅၀ | ၂၇၃၅ | ၂၇၅၀ | ၃၁၅၀ | ၃၉၅၀ |
| HSD (50 ppm) | ၃၂၇၅ | ၃၃၅၅ | ၃၃၃၀ | ၃၂၈၀ | ၃၃၅၅ | ၃၃၇၀ | ၃၃၈၀ | ၃၃၃၅ | ၄၈၃၀ | ၃၄၉၀ | ၃၃၄၅ | ၃၃၆၀ | ၃၃၉၀ | ၃၃၈၀ | ၃၃၉၀ | ၃၇၉၅ | - |
| HSD (10 ppm) | ၃၂၇၅ | ၃၃၅၅ | ၃၃၃၀ | ၃၂၈၀ | ၃၃၅၅ | ၃၃၇၀ | ၃၃၈၀ | ၃၃၃၅ | - | ၃၄၉၀ | ၃၃၄၅ | ၃၃၆၀ | ၃၃၉၀ | ၃၃၈၀ | ၃၃၉၀ | ၃၇၉၅ | - |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၉၀၆ | ၂၉၉၇ |
| 95 Ron | ၃၀၀၆ | ၃၁၁၀ |
| HSD (500 ppm) | ၂၄၈၅ | ၂၅၆၄ |
| HSD (50 ppm) | ၃၁၀၈ | ၃၂၀၀ |
| HSD (10 ppm) | ၃၁၀၈ | ၃၂၀၀ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**



လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ ဦးအောင်ကျော်ဦးနှင့် တာဝန်ရှိသူများ ဒီဇင်ဘာ ၉ ရက်က ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ်၌ ဓာတ်အားဖြန့်ဖြူးထားမှုအခြေအနေများနှင့် ဓာတ်အားပျောက်ဆုံးမှုလျှော့နည်းရေးဆောင်ရွက်ထားမှု အခြေအနေများ၊ ၆၆ ကေဗွီ MRTV –3 ဓာတ်အားခွဲရုံ၌ ဓာတ်အားလက်ခံရရှိမှု၊ ဖြန့်ဖြူးထားမှု၊ Crystal Tower တွင် မီတာတပ်ဆင်ထားရှိမှု၊ ကွာခြားယူနစ်ကောက်ခံထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

ချစ်ဆောင်(YESC)

**ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ**

# ပြိုင်ပွဲအတွေ့အကြုံများလာတော့ ကစားသမားတွေရဲ့ ယှဉ်ပြိုင်နိုင်စွမ်းတွေလည်း မြင့်မားလာမယ်လို့ ယုံကြည်ပါတယ်။ ဘယ်အားကစားမဆို အမြဲတမ်းလေ့ကျင့်နေမှ အောင်မြင်မှုရရှိမှာ ဖြစ်ပါတယ်

မနော်မြတ်နိုးရွှေစင်

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပွဲစဉ်များကို နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ သတ်မှတ်ထားသော အားကစားကွင်းနှင့် အားကစားရုံများ၌ ကျင်းပလျက်ရှိပြီး အားကစားနည်းအသီးသီးမှ ပါဝင်ယှဉ်ပြိုင်ကြသည့် အားကစားသမားများအား တွေ့ဆုံမေးမြန်းထားသည်များကို ပြန်လည်ဖော်ပြလိုက်ပါသည်-



မညောင်ရှန်းဟွေ့



မနော်မြတ်နိုးရွှေစင်



မသဲအိမွန်သောင်း



ဦးအောင်မျိုးဆွေ



ဦးစိုးဇော်ဇော်



မနန္ဒာဝင်း

**မညောင်ရှန်းဟွေ့**
**အမျိုးသမီးလက်ဝှေ့ပြိုင်ပွဲဝင်**
**ချင်းပြည်နယ်ကိုယ်စားပြု**

အရင်တုန်းကတော့ အခုလို နိုင်ငံတော်အဆင့် ကျင်းပတဲ့ အားကစားပြိုင်ပွဲတွေမှာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ဖူးတာတော့မရှိပါဘူး။ လက်ဝှေ့ပြိုင်ပွဲတွေမှာ အတွေ့အကြုံအများကြီးတော့မရှိပါဘူး။ နိုင်ငံတော်အဆင့် ပြိုင်ပွဲဝင်ပြိုင်တာ အခုတစ်ကြိမ်က ပထမဆုံးပါ။ အရင်က အား/ကာသိပ္ပံက ကျင်းပတဲ့ ပြိုင်ပွဲတွေမှာပဲ အများဆုံး ဝင်ပြိုင်ဖြစ်တာပါ။ လက်ဝှေ့အားကစားကိုတော့ ငယ်ငယ်လေးကတည်းက စိတ်ဝင်စားလို့ သင်ယူခဲ့တာပါ။ နိုင်ငံတော်အဆင့်ပြိုင်ပွဲမှာ ပထမဆုံးယှဉ်ပြိုင်ခွင့်ရတာဖြစ်သလို အတွေ့အကြုံသစ်တွေလည်း ရပါတယ်။ အခုလိုပြိုင်ပွဲတွေ ကျင်းပပေးတဲ့ တာဝန်ရှိသူတွေကိုလည်း ကျေးဇူးတင်ပါတယ်။

**မနော်မြတ်နိုးရွှေစင်**
**အမျိုးသမီးဂျူဒိုပြိုင်ပွဲဝင်**
**မွန်ပြည်နယ်ကိုယ်စားပြု**

ဂျူဒိုအားကစားကို စိတ်ဝင်စားလို့လေ့လာခဲ့တာလေးနှစ်လောက်ရှိပါပြီ။ အခုလို နိုင်ငံတော်အဆင့် ပြိုင်ပွဲတွေ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရတာကို အများကြီးဂုဏ်ယူပါတယ်။ ပြိုင်ပွဲဝင်ဖို့အတွက် ကတော့ ပြိုင်ပွဲမစမီ လေးလလောက်ကတည်းက ပြင်းပြင်းထန်ထန် လေ့ကျင့်ခဲ့ရတာပါ။ အခုလို ပြိုင်ပွဲတွေကျင်းပပေးတော့ မျိုးဆက်သစ်ကစားသမားတွေလည်း အများကြီးထွက်ပေါ်လာမယ်။ ပြီးရင် ပြိုင်ပွဲအတွေ့အကြုံများလာတော့ ကစားသမားတွေရဲ့ ယှဉ်ပြိုင်နိုင်စွမ်းတွေလည်း မြင့်မားလာမယ်လို့ ယုံကြည်ပါတယ်။ ဘယ်အားကစားမဆို အမြဲတမ်းလေ့ကျင့်နေမှ အောင်မြင်မှုရရှိမှာ ဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်အစိုးရအနေနဲ့ အခုလိုပြိုင်ပွဲတွေ များများကျင်းပပေးနိုင်မယ်ဆိုရင် အားကစားသမားတွေအတွက် အဆင်ပြေသလို နိုင်ငံ့လက်ရွေးစင်ဖြစ်လာဖို့လည်း အခွင့်အလမ်းရှိလာမှာ ဖြစ်ပါတယ်။

**မသဲအိမွန်သောင်း**
**အမျိုးသမီးဖူဆယ်ပြိုင်ပွဲဝင်**
**တနင်္သာရီတိုင်းဒေသကြီး**
**ကိုယ်စားပြု**

ပဉ္စမအကြိမ်အမျိုးသားအားကစားပွဲတော်မှာ ဝင်ရောက်ယှဉ်ပြိုင်နိုင်ဖို့ အောက်တိုဘာလကတည်းက စခန်းသွင်းလေ့ကျင့်မှုတွေ စတင်ပြီးပြုလုပ်ခဲ့ပါတယ်။ အမျိုးသမီးဖူဆယ်ပြိုင်ပွဲမှာ အသင်းတိုင်းက အတော်လေးပြင်ဆင်လာတာ ဖြစ်တဲ့အတွက် ပြီးခဲ့တဲ့ပွဲစဉ်တွေမှာ အမှားမခံဘဲ ကစားခဲ့ပါတယ်။ နှစ်လလောက် စခန်းသွင်းလေ့ကျင့်ပြီးမှ လာရောက်ယှဉ်ပြိုင်တာ ဖြစ်ပါတယ်။ ဖူဆယ်ပြိုင်ပွဲ ဝင်ပြိုင်ဖြစ်တာကတော့ ပထမဆုံးအကြိမ်ပါ။ အရင်ကကွင်းကြီးမှာပဲ ကစားခဲ့တာပါ။ ငယ်ငယ်ကတည်းက ဘောလုံးပြိုင်ပွဲတွေ ပါဝင်ကစားခဲ့ပေမယ့် အခုလိုနိုင်ငံတော်အဆင့်ပြိုင်ပွဲတွေမှာတော့ ပထမဆုံးအကြိမ် ပါဝင်ယှဉ်ပြိုင်ဖြစ်တာပါ။ အခုလိုပြိုင်ပွဲတွေကျင်းပပေးတာ ကျေးဇူးလည်းတင်တယ်။ အားကစားပြိုင်ပွဲတွေကျင်းပပေးတဲ့အတွက် ကိုယ့်နိုင်ငံအတွက် အားကစားသမားကောင်းတွေလည်း ပေါ်ထွက်လာမယ်လို့ ယုံကြည်ပါတယ်။ အခုပြိုင်ပွဲမှာ အတွေ့အကြုံတွေ အများကြီးရပါတယ်။

**ဦးအောင်မျိုးဆွေ**
**အမျိုးသမီးပိုက်ကျော်ခြင်း**
**အုပ်ချုပ်သူ/နည်းပြ**
**ရခိုင်ပြည်နယ်ကိုယ်စားပြု**

အခုပြိုင်ပွဲက ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ဖြစ်တာနဲ့ အညီ စည်စည်ကားကား ကျင်းပနိုင်တဲ့အတွက် အများကြီးဝမ်းသာဂုဏ်ယူရပါတယ်။ ကျွန်တော်တို့ ကစားသမားဘဝကတော့ ၂၀၁၃ ခုနှစ်က မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ကျင်းပတဲ့ အရှေ့တောင်အာရှအားကစားပွဲတော်မှာ ပါဝင်ကစားခဲ့ပါတယ်။ ကစားသမားဘဝမဟုတ်ပေမယ့် နည်းပြဘဝမှာ အခုလိုမျိုး နိုင်ငံတော်အဆင့် ပြိုင်ပွဲကြီးမှာ အုပ်ချုပ်သူ/နည်းပြအနေနဲ့ တစ်ထောင့်တစ်နေရာက နေပါဝင်ခွင့်ရတာကိုလည်း အများကြီးဝမ်းသာပါတယ်။ အထူးသဖြင့် ဒီပြိုင်ပွဲကြီးမှာ အလားအလာကောင်းတဲ့ ကစားသမားတွေ အများကြီးတွေ့ရတယ်။ ရန်ကုန်တိုင်းဒေသကြီးမှာ ဆိုရင်လည်း အမျိုးသားအားကစားသမားတွေရော၊ အမျိုးသမီးအားကစားသမားတွေရော တော်တော်လေး ကောင်းကြပါတယ်။ အမျိုးသမီးပိုက်ကျော်ခြင်းပြိုင်ပွဲမှာ အသက် ၁၄ နှစ်အရွယ်ကလေးတွေလည်း ပါတာဖြစ်တာကြောင့် တစ်ချိန်ချိန်မှာ နိုင်ငံ့လက်ရွေးစင် ကစားသမားတွေဖြစ်လာမယ်လို့ ထင်ပါတယ်။ ဒီပြိုင်ပွဲအတွက် လေ့ကျင့်ခဲ့ရတာကတော့ နှစ်လလောက်ပြင်ဆင် လေ့ကျင့်ခဲ့ရပါတယ်။

**ဦးစိုးဇော်ဇော်**
**အမျိုးသားဘော်လီဘောပြိုင်ပွဲဝင်**
**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်**
**ပြန်လည်နေရာချထားရေး**
**ဝန်ကြီးဌာနကိုယ်စားပြု**

ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကြီးမှာ ဝန်ကြီးဌာနကိုယ်စားပြု ဘော်လီဘောအသင်းမှာ လက်ရှိဝင်ရောက်ယှဉ်ပြိုင်နေတာဖြစ်ပါတယ်။ နိုင်ငံတော်အဆင့်ကျင်းပတဲ့ပြိုင်ပွဲကြီးမှာ ပါဝင်ယှဉ်ပြိုင်ကစားခွင့်ရတာကိုလည်း အင်မတန်ဂုဏ်ယူပါတယ်။ အားကစားဆိုတာကလည်း အမြဲတမ်းလေ့ကျင့်နေမှ အရည်အချင်းပိုပြည့်တာပါ။ အခုလိုမျိုး ပြိုင်ပွဲတွေ ကျင်းပပေးတော့ အားကစားသမားတွေ အတွက် ပြိုင်ပွဲအတွေ့အကြုံလည်းပိုမိုရတာမို့ ဒီလိုပြိုင်ပွဲတွေ နှစ်စဉ်ကျင်းပပေးစေချင်ပါတယ်။ ပြိုင်ပွဲကြီးကျင်းပဖြစ်အောင် စီစဉ်ပေးတဲ့ တာဝန်ရှိသူတွေကိုလည်း ကျေးဇူးတင်ပါတယ်။

**မနန္ဒာဝင်း**
**မြန်မာ့သိုင်းပြိုင်ပွဲဝင်**
**ကချင်ပြည်နယ်ကိုယ်စားပြု**

အခုလို နိုင်ငံတော်အဆင့် ကျင်းပတဲ့ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်မှာ ပါဝင်ယှဉ်ပြိုင်နိုင်ဖို့ ပြိုင်ပွဲကြီးမစမီ လေးငါးလလောက်ကတည်းက စခန်းသွင်းလေ့ကျင့်ခဲ့တာဖြစ်ပါတယ်။ ပြိုင်ပွဲဝင်ရတဲ့အချိန်မှာတော့ အတော်လေးစိတ်လှုပ်ရှားပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးက ပြိုင်ပွဲဝင်ပေါင်းစုံနဲ့ တွေ့ဆုံရသလို ပြိုင်ပွဲအတွေ့အကြုံတွေလည်း အများကြီးရပါတယ်။ အခုလိုမျိုးပြိုင်ပွဲတွေ များများကျင်းပပေးနိုင်ရင် ပိုကောင်းပါတယ်။ ပြိုင်ပွဲတွေရှိမှ ဘယ်ကစားသမားမဆို လေ့ကျင့်မှုပိုများတာမို့ နောက်ထပ်လည်း အခုလိုမျိုး အားကစားပြိုင်ပွဲတွေ ဆက်လက်ပြီး ကျင်းပပေးနိုင်အောင်လည်း စီစဉ်ပေးပါလို့ တောင်းဆိုချင်ပါတယ်။

**တွေ့ဆုံမေးမြန်းနှင့် ဓာတ်ပုံ**
**အလင်းသစ်၊ လင်းရာမ**

## မရမ်းကုန်းမြို့နယ် အထက(၅)၌ လူငယ်စကားဝိုင်းဆွေးနွေးပွဲ ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၁**

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် မြို့နယ်စာရေးဆရာအသင်းတို့ ပူးပေါင်းကျင်းပသည့် လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ယနေ့ နံနက် ၁၀ နာရီက ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း ခန်းမ၌ ကျင်းပသည်။

ဦးစွာ မရမ်းကုန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရဲနောင်ချစ်က လူငယ်စကားဝိုင်း ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားကာ မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ စာရေးဆရာ မြေလတ်ထင်ကျော်မိုးက စာဖတ်ခြင်း၏အကျိုးကျေးဇူးများနှင့် ဗလငါးတန်ဖွံ့ဖြိုးရေးကို ဆွေးနွေးသည်။

ယင်းနောက် စကားဝိုင်းဆွေးနွေးပွဲကို ကျင်းပရာ ဦးဆောင်ဆွေးနွေးသူအဖြစ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရဲနောင်ချစ်နှင့် အထက(၅)မှ အထက်တန်းပြဆရာမတစ်ဦးတို့က ဆောင်ရွက်ပြီး လူငယ်နှင့်အနာဂတ်၊ လူငယ်နှင့်အားကစား၊ လူငယ်နှင့်ကျန်းမာရေး၊ လူငယ်နှင့်စာပေ၊ လူငယ်နှင့်စာရိတ္တ၊ လူငယ်နှင့်ယဉ်ကျေးမှု ခေါင်းစဉ်များဖြင့် ကျောင်းသား ကျောင်းသူ ခြောက်ဦးတို့က ဆွေးနွေးကြသည်။

ထို့နောက် တာဝန်ရှိသူများနှင့် တက်ရောက်လာကြသည့် စာရေးဆရာမများက အမှတ်တရစာအုပ်လက်ဆောင်နှင့် ဂုဏ်ပြုချီးမြှင့်ငွေများကို ဆွေးနွေးပေးကြသည့် ကျောင်းသား ကျောင်းသူများအား ပေးအပ်ချီးမြှင့်ကြသည်။



ယင်းနောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခင်းကျင်းပြသထားသော ဓာတ်ပုံ၊ နံရံကပ်စာစောင်၊ စာအုပ်ပြပွဲများကို တက်ရောက်လာကြသည့် စာပေချစ်မြတ်နိုးသူ Book Club အဖွဲ့ဝင်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်**

**နေပြည်တော် ဒီဇင်ဘာ ၁၁**

ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်းနှင့် ချင်းပြည်နယ်တို့တွင် အများအားဖြင့်သာယာပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ **မိုး/ဇလ**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်ခဲ့သည့် စာရင်းစစ်/ စာရင်းကောက်ဆရာ ဆရာမများနှင့် မြို့နယ်၊ ကျေးရွာအုပ်စု သန်းခေါင်စာရင်းကော်မတီတို့အား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်

နေပြည်တော် ဒီဇင်ဘာ ၁၁

၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်ခဲ့သည့် စာရင်းစစ်/စာရင်းကောက်ဆရာ ဆရာမများနှင့်မြို့နယ်၊ ကျေးရွာအုပ်စုသန်းခေါင်စာရင်းကော်မတီတို့အား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက နေပြည်တော်ကောင်စီရုံး ဇမ္ဗူသီရိခန်းမ၌ ကျင်းပသည်။

ဦးစွာ နေပြည်တော် သန်းခေါင်စာရင်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်ခဲ့သည့် စာရင်းစစ်/ စာရင်းကောက်ဆရာ ဆရာမများနှင့် မြို့နယ်၊ ကျေးရွာအုပ်စု သန်းခေါင်စာရင်းကော်မတီတို့အား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြသည်။

ထို့နောက် ပြည်ထောင်စုနယ်မြေ နေပြည်တော် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနနှင့် နေပြည်တော် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် စက်ချုပ်နည်းပညာသင်တန်း ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ဇေယျာသီရိမြို့နယ် ရှားစေးဖိုကျေးရွာ ဘက်စုံသုံးခန်းမ၌ ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ တက်ရောက် အမှာစကားပြောကြားပြီး စက်ချုပ်နည်းပညာ သင်တန်းအတွက် ချီးမြှင့်ငွေများနှင့် သင်တန်းသုံးပစ္စည်းများကို တာဝန်ရှိသူများနှင့် သင်တန်းသူများအား ပေးအပ်သည်။

ဆက်လက်၍ပြည်ထောင်စုနယ်မြေနေပြည်တော် အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ(၁)၌ ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ဌာနဆိုင်ရာတာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ် အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။



**သတင်းစဉ်**

# ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး သုတေသနစာတမ်းဖတ်ပွဲအခမ်းအနားသို့ တက်ရောက်

ပုသိမ် ဒီဇင်ဘာ ၁၁

ပုသိမ်တက္ကသိုလ်နှင့် ဧရာဝတီတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသော MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး သုတေသနစာတမ်းဖတ်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ပုသိမ်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။



ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ပညာရေးညီလာခံမှ ထွက်ပေါ်လာသည့်ရလဒ်များအရ တိုင်းဒေသကြီးအနေဖြင့် ဒေသအကျိုးပြု သုတေသနလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး အတွက် တက္ကသိုလ်များ၊ လုပ်ငန်းရှင်များ ပါဝင်သည့် ဆွေးနွေးပွဲများပြုလုပ်ခဲ့ပြီး စိုက်ပျိုးရေးသုတေသန၊ မွေးမြူရေးသုတေသန၊ ထုတ်ကုန်သုတေသနနှင့် ဈေးကွက်သုတေသနများဖြင့် ဒေသအကျိုးပြုသုတေသနများ ဆောင်ရွက်ခဲ့ပါကြောင်း၊ သုတေသနစာတမ်းရှင်များက သက်ဆိုင်ရာဘာသာရပ်များ၊ နည်းပညာဆိုင်ရာများ၊ အခန်းကဏ္ဍများအလိုက် စိတ်အားထက်သန်စွာ ပူးပေါင်းဆောင်ရွက်နေကြသည်ကိုလည်း တွေ့ရှိရပါကြောင်း၊ မိမိတို့ဒေသအတွက် အကျိုးရှိသည့် သုတေသနစာတမ်းများ များစွာထွက်ပေါ်လာအောင် ဆောင်ရွက်နိုင်ပါက လူ့ဘောင်အဖွဲ့အစည်း အတွက်လည်း များစွာ အထောက်အကူပြုမည်ဖြစ်ပါကြောင်း၊ လယ်ယာထွက်ကုန်ပစ္စည်းများနှင့် ရေထွက်ကုန်ပစ္စည်းများ ပြည်ပပို့ကုန် နှစ်ဆတိုးမြှင့် တင်ပို့နိုင်ရေးအတွက် ဆောင်ရွက်လျက် ရှိပါကြောင်း၊ သုတေသန စာတမ်းများအား လက်တွေ့နယ်ပယ်တွင် ထိထိရောက်ရောက် အသုံးချနိုင်ရန် သုတေသန ပြုလုပ်ပေးခဲ့သည့် သက်ဆိုင်သူများ အားလုံးကိုလည်း ကျေးဇူးတင်ရှိပါကြောင်းနှင့် သုတေသနစာတမ်းဖတ်ပွဲသို့ တက်ရောက်လာသူများအနေဖြင့် အပြန်အလှန် ဆွေးနွေးပေးကြစေလိုကြောင်း အမှာစကားပြောကြားသည်။

ဆက်လက်၍ ပုသိမ်တက္ကသိုလ် ဒုတိယပါမောက္ခချုပ်က စာတမ်းဖတ်ပွဲ၏ ရည်ရွယ်ချက်များကိုလည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ကုန်သည်ကြီးများနှင့် စက်မှုလုပ်ငန်းရှင်များ အသင်း (ARCCI) ဥက္ကဋ္ဌက အသင်း၏ ဆောင်ရွက်ချက်များကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

## ကြည့်ရှုအားပေး

ထို့နောက် စာတမ်းဖတ်ပွဲကို ဆက်လက်ပြုလုပ်ရာ စာတမ်းဖတ်ကြားမှုများကို တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များက ကြည့်ရှုအားပေးပြီး စာတမ်းဖတ်ပွဲသို့ တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းကြရာ သုတေသနစာတမ်းရှင်များက သိလိုသည်များကို ပြန်လည်ဖြေကြားသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားကာ သုတေသနစာတမ်းများအား လက်တွေ့နယ်ပယ်တွင် ထိထိရောက်ရောက် အသုံးချနိုင်ရေး၊ MSME လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးနှင့် တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး၊ လယ်ယာထွက်ကုန်ပစ္စည်းများနှင့် ရေထွက်ကုန်ပစ္စည်းများ ပြည်ပပို့ကုန်နှစ်ဆ တိုးမြှင့်တင်ပို့နိုင်ရေး ဝိုင်းဝန်းဆောင်ရွက်ကြရန် မှာကြားပြီး စာတမ်းဖတ်ပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးတွေ့ဆုံကာ သတ္တဗေဒဌာနနှင့် အဏ္ဏဝါသိပ္ပံဌာနတို့မှ ပြသထားသည့် တီကောင်မြေဩဇာ၊ ငှက်ပျောနှင့် သစ်ရွက်ဆွေးတီကျစ်စာ၊ ငါးအကြေးခွံအသုံးပြု၍ လက်မှုဖြင့် ပြုလုပ်ဖန်တီးထားသော ဖန်စီပစ္စည်းများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ငလျင်ဘေးအန္တရာယ် သဏ္ဌာန်တူဇာတ်တိုက်လေ့ကျင့်မှု ကြည့်ရှုအားပေး

ထားဝယ် ဒီဇင်ဘာ ၁၁

တနင်္သာရီ တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် တိုင်းဒေသကြီးအတွင်းရှိ ဟိုတယ်၊ မိုတယ်နှင့် တည်းခိုခန်းများတွင် သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားလာပါက အလျင်အမြန်တုံ့ပြန်ဆောင်ရွက်နိုင်ရန်အတွက် ငလျင်ဘေးအန္တရာယ် သဏ္ဌာန်တူဇာတ်တိုက်လေ့ကျင့်ခြင်းကို ယနေ့နံနက် ၉ နာရီခွဲက ထားဝယ်မြို့ Hotel Dawei ၌ ကျင်းပသည်။

ထိုသို့ ဇာတ်တိုက်လေ့ကျင့်ခြင်း ဆောင်ရွက်ရာတွင် ပူးပေါင်းအဖွဲ့များက ငလျင်လှုပ်ခတ်ပြီးနောက် မီးသတ်ယာဉ်၊ လူနာကူညီသယ်ဆောင်ရေးယာဉ်များဖြင့် ရှာဖွေကယ်ဆယ်ရေးသုံး ပစ္စည်းကိရိယာများကို အသုံးပြု၍ ကယ်ဆယ်ခြင်းများ၊ ဟိုတယ်အတွင်းပိတ်မိနေသူများနှင့် ဒဏ်ရာရရှိသူများအား ရှာဖွေကယ်ဆယ်ရေးသုံးပစ္စည်းများ အသုံးပြု၍ ကယ်ဆယ်ခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ ဒဏ်ရာရရှိသူများအနက် အရေးပေါ်လူနာ၊ အရေးကြီးလူနာ၊ သာမန်လူနာများခွဲခြား၍ ရှေးဦးသူနာပြုစုခြင်းနှင့် ဆေးရုံသို့ ပို့ဆောင်ခြင်း၊ ကျန်ရှိ/ ပျောက်ဆုံးသူများရှိ၊ မရှိကို စာရင်းကောက်ယူ စိစစ်ဆောင်ရွက်ခြင်း စသည်တို့ကို အချိန်တိုအတွင်း အလျင်အမြန်ပြီးစီးရန် ဇာတ်တိုက်လေ့ကျင့်ခဲ့ကြသည်။

## ကျေးဇူးတင်ရှိ

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက သဘာဝဘေးနှင့် ပတ်သက်၍ မဖြစ်ခင် ကြိုတင်ကာကွယ်ရမည့် နည်းလမ်းများ၊ ဖြစ်ပွားနေစဉ်ကာလအတွင်း ကယ်ဆယ်ရေးလုပ်ငန်းများ၊ ဖြစ်ပွားပြီးပါက ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ဌာနဆိုင်ရာ/ အဖွဲ့အစည်းများအနေဖြင့် ဝိုင်းဝန်းပူးပေါင်းပြီး ငလျင်ဘေးအန္တရာယ် သဏ္ဌာန်တူ ဇာတ်တိုက်ခြင်းကို လေ့ကျင့်ရခြင်းဖြစ်ကြောင်း၊ ဇာတ်တိုက်လေ့ကျင့်မှုများတွင် ပါဝင်သော သက်ဆိုင်ရာ ဌာနဆိုင်ရာများနှင့် ပူးပေါင်းပါဝင်သူများကို တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။



**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ကြွပ်ကြွပ်အိတ်ထဲက သီလ

**ဓမ္မဒူတဒေါက်တာအရှင်ဆေကိန္ဒ**

ကိုယ့်အထုပ်ကို ကိုယ်ကိုယ်တိုင် ဖြေကြည့်ကြစေချင်ပါတယ်။

ကိုယ့်ဒါနထုပ်ကို ကိုယ်ပြန်ကြည့်ကြစမ်းပါ။ ဒါနကို လှူတဲ့အခါ နိဗ္ဗာန်ကို ငဲ့ခဲ့တာလား၊ ဟိုဟာဒီဟာ ငဲ့ခဲ့တာလား၊ ပြန်ကြည့်ကြစေချင်ပါတယ်။ ဒါနပြီးတော့ သီလ၊ သီလအထုပ်ကိုလည်း ပြန်ပြီးကြည့်ကြစမ်းပါ။

တချို့ အခုအသက်အရွယ်အထိကိုပဲ ငါးပါးသီလဆိုတာ မလုံခဲ့ကြဖူးဘူးတဲ့။

တချို့ကျတော့ ငါးပါးသီလလောက်တော့ စောင့်ဖူးပါတယ်။ ရှစ်ပါးသီလ ဥပုသ်စောင့်တာကိုတော့ မစောင့်ခဲ့ဖူးဘူးတဲ့။

တချို့ အသက် ၆၀ ပြည့်ပြီ၊ တစ်ခါမှ ဥပုသ်မစောင့်ဖူးတဲ့သူတွေ တစ်ပုံကြီးရှိနေကြပါတယ်။

တချို့ ဥပုသ်သီလ စောင့်ပြန်တော့လည်း တစ်နှစ်မှ နှစ်ခါ၊ သုံးခါပဲ စောင့်ဖြစ်ကြပါတယ်။ ဝါတွင်း တစ်ဆယ့်သုံးဥပုသ်တောင် တစ်ဆယ့်သုံးရက်စလုံး ဥပုသ်စောင့်တာမပြည့်ကြပါဘူး။ တစ်နှစ်နေလို့ တစ်ဆယ့်သုံးရက် ဥပုသ်စောင့်ဖူးတဲ့သူက အလွန်ပဲ ရှားပါတယ်။

ဒီစောင့်ထိန်းရခက်ခဲတဲ့ ရှစ်ပါးသီလကို ခဏထားပါဦး၊ လူဆိုတာက ငါးပါးသီလကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲရတယ်။

သူ့အသက် မသတ်ရဘူး၊

သူ့ဥစ္စာမခိုးရဘူး။

သူ့အိမ်ရာ မလွန်ကျူးရဘူး။

မဟုတ်မမှန် လိမ်ညာဝါကြွားပြီး မပြောရဘူး။

သေရည်သေရက် ဘိန်းဘင်းကစော်၊ လှော်စာ၊ အရက်၊ ဖဲရိုက်၊ အရက်သောက်ဆိုတာတွေကို မလုပ်ရပါဘူး။

ဟိုလိုလို ဒီလိုလိုနဲ့ ကုသိုလ်တရားတွေကို မေ့လျော့တာမရှိရပါဘူး။

အဲဒီ သီလငါးပါးစလုံးကို လုံသလားဆိုတော့ မလုံ့တလုံ၊ မလုံတာများပါတယ်။ လုံချည်လေး တစ်ထည်ဝတ်၊ အပေါက်လေးတစ်ပေါက်က ခြေသလုံးမှာ ပေါက်နေတာရှိနေတယ်။

လုံချည်တစ်ထည်လုံး အကုန်ကောင်းတယ်။ အပေါက်လေး တစ်ပေါက်ပါတာနဲ့ပဲ အပြောခံရတယ်။

နင့်လုံချည်က ကောင်းလည်းမကောင်းဘူး၊ လုံလည်းမလုံဘူးတဲ့။ အပေါက်ကြီးပါနေတယ်တဲ့။

ငါးပါးသီလ လေးပါးလုံပါတယ်။ တစ်ပါးကျိုးတယ်။

'နင့်သီလက လုံလည်းမလုံဘူး' လို့ အပြောခံရမှာပါပဲ။ ဘယ်သူပြောမလဲ၊ ကိုယ့်ကိုယ်ကိုယ်ပြန်ပြောတာနော်။

ကိုယ့်သီလ လုံတယ်၊ မလုံဘူးဆိုတာ ကိုယ်သိတယ်။

ကိုယ့်သီလ စင်ကြယ်၊ မစင်ကြယ်ဆိုတာလည်း ကိုယ်သိတယ်။

ကိုယ့်သီလ ဖြူ၊ မဖြူဆိုတာလည်း ကိုယ်သိတယ်။

ကိုယ့်သီလမလုံရင် ကိုယ်ပဲစိတ်ညစ်ရတယ်။ ပြန်စဉ်းစားတိုင်း ကိုယ်ပဲ စိတ်နှလုံးမသာမယာဖြစ်ရတယ်။ စိတ်ဆင်းရဲရတယ်။ ပြန်တွေးတိုင်းလည်း ကိုယ်စိတ်ပင်ပန်းရတယ်။ စိတ်မကြည်လင်နိုင်ပါဘူး။

ငါးပါးသီလ ကျိုးတာ၊ ပေါက်တာ၊ ပြောက်တာ၊ ကျားတာ ရှိသလား၊ မရှိဘူးလား။ ကိုယ့်သီလထုပ်လေးကို ကိုယ်ကိုယ်တိုင် ပြန်ဖြေကြည့်လိုက်စမ်းပါ။

အထုပ်ကို ကောင်း၊ မကောင်း ပြန်ကြည့်ဖို့ နေနေသာသာ ငါးပါး၊ ရှစ်ပါး စတဲ့ ဒီအထုပ်တွေကို ထုပ်တောင် မထုပ်ရသေးတဲ့လူတွေက တစ်ပုံကြီးပါပဲ။

ဘာလို့လဲဆိုတော့ "သီလအထုပ်ကို ထုပ်တောင်မထုပ်ရသေးပါဘူး။ ထုပ်ဖို့လည်း မအားသေးပါဘူး" တဲ့။

ကိုယ့်သီလလေးက ငါးပါးသီလကို စောင့်ထိန်းတယ်၊ ဥပုသ်သီတင်း စောင့်သုံးတယ်ဆိုတာလောက်ပဲ ရှိကြပါတယ်။

ရှင်သာမဏေ၊ ရဟန်းသံဃာတွေရဲ့ ကျင့်သုံးရတဲ့ သီလတော်တွေနဲ့ နှိုင်းပြောရမယ်ဆိုရင် မြင့်မြတ်တဲ့ တန်ဖိုးအရည်အချင်းတွေသာမက အရေအတွက်တွေပါ အလွန်ကွာခြားလှပါတယ်။ မိမိက သီလမစောင့်ဘူးလားဆိုတော့ စောင့်တယ်။ သီလမရှိဘူးလားဆိုတော့ ရှိပါတယ်။

သီလရှိတယ်၊ စောင့်တယ်ဆိုပေမယ့် ကိုယ့်သီလကို ဘာနဲ့ ထုပ်ထားသလဲဆိုတာ ပြန်ကြည့်ပေါ့။

သီလစောင့်တာတောင်မှ စားရင်းသောက်ရင်း၊ ရောင်းရင်းဝယ်ရင်း၊ ပြေးရင်းလွှားရင်းနဲ့ သုတ်သုတ်ရုတ်ရုတ်နဲ့ စောင့်ရတဲ့ ဥပုသ်သီလတဲ့။

သီလပြည့်စုံတဲ့ ဥပုသ်သီလအထုပ်တောင် ကောင်းကောင်းမထုပ်အားရှာပါဘူး။

နေ့စဉ်နေ့တိုင်း ဈေးဝယ်တဲ့အခါ၊ လမ်းကြုံလို့ ဈေးဝယ်တဲ့အခါ ပျာယီးပျာယာနဲ့ ဈေးဝယ်ပြီးတော့ ပေးပေး ကြွပ်ကြွပ်အိတ်နဲ့ထည့်ဆိုတာမျိုးဖြစ်နေပြီ။

ကိုယ်စောင့်သုံးတဲ့ သီလဟာ ကြွပ်ကြွပ်အိတ်နဲ့ ထည့်ထားတဲ့ သီလမျိုးဖြစ်နေရင် ဘာမှသုံးစားလို့ မရပါဘူး။

တန်ဖိုးကြီးတဲ့ ရွှေတွေ၊ ငွေတွေ၊ ကျောက်သံပတ္တမြားတွေ ဘယ်သူက ကြွပ်ကြွပ်အိတ်နဲ့ ထုပ်မလဲ၊ ထည့်မလဲ။ တန်ဖိုးကြီးတဲ့ပစ္စည်း တန်ဖိုးကြီးတဲ့အထုပ်အပိုးတွေနဲ့ သပ်သပ်ရပ်ရပ်ထုပ်တယ်။



တန်ဖိုးကြီးတဲ့အိတ်ထဲမှာ တန်ဖိုးရှိပစ္စည်းတွေကိုပဲ ထည့်တယ်။ သိမ်းတယ်။

အခု မိမိတို့စောင့်ထိန်းတဲ့ သီလက ဘယ်လောက်တန်ဖိုးကြီးသလဲလို့ ပြန်ကြည့်ပေါ့။ ကပျာကယာသီလ၊ ရေးကြီးသုတ်ပျာသီလ၊ ကြွပ်ကြွပ်အိတ်နဲ့ထည့်ထားတဲ့သီလဖြစ်နေရင် ဒီသီလဟာ အားကိုးလို့မရတဲ့သီလဖြစ်နေတော့ ရှာပြီပေါ့။

ဒီကြွပ်ကြွပ်အိတ်သီလကို အားကိုးပြီးတော့များ ဒီလူ့ဘဝကြီးကို ဒီလိုပဲနေကြတော့မှာလား။ ဒီလိုပဲ ခရီးဆက်ကြတော့မှာလား။

နိဗ္ဗာန်ကိုရောက်ဖို့ ခဏအသာထားဦး။ ဘဝခရီးကိုပဲ ကျန်းကျန်းမာမာနဲ့ ခရီးဆက်နိုင်အောင် ဘယ်လိုလုပ်ကြမလဲ။ **(ဆက်လက်ဖော်ပြပါမည်)**

**ဓမ္မဒူတ ဒေါက်တာအရှင်ဆေကိန္ဒ၏ "ဒွေ့သည်" စာအုပ်မှ ဆရာတော်၏ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။**

# သိက္ခာအဂါရဝ




ကျွန်တော်တို့ကိုးကွယ်အားထားရာ ဗုဒ္ဓသာသနာတော်သည် နေ့ချင်းညချင်း ပေါ်ပေါက်လာသော သာသနာတော်မျိုးမဟုတ်ချေ၊ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းကြာမှ လူနတ်ဗြဟ္မာ သတ္တဝါတို့၏ မျက်မှောက်၊ တမလွန် နှစ်ဖြာသော အကျိုးစီးပွားအလို့ငှာ ဖြစ်ထွန်းပေါ်ပေါက်လာရသော သာသနာတော်ကြီးဖြစ်သည်။

စင်စစ် ဗုဒ္ဓသာသနာဟူသည် ဗုဒ္ဓအဆုံးအမပင်ဖြစ်သည်။ ထိုအဆုံးအမ ကိုယ့်မှာ အဘယ်မျှတည်ရှိနေသည်ကို ကိုယ့်ဘာသာကိုယ် ဆန်းစစ်ကြည့်က သိနိုင်ပေသည်။ ထိုသို့ ကိုယ့်ဘာသာကိုယ် ဆန်းစစ်ကြည့်၍ ကိုယ့်သန္တာန်မှာ ဗုဒ္ဓအဆုံးအမ တည်ရှိနေမှန်းသိက 'ငါ့မှာ သာသနာတည်ရှိသည်'ဟု သိနိုင်လေသည်။

ထို့အတူ ကိုယ့်အိမ်ထောင်ရှိ မိသားစုများသန္တာန်တွင် ဗုဒ္ဓအဆုံးအမများ အဘယ်မျှအတိုင်းအတာအထိတည်ရှိနေသည်ကိုလည်းကောင်း၊ ကိုယ့်ဒေသတွင် ဗုဒ္ဓအဆုံးအမများ ဘယ်ရွေ့ဘယ်မျှ တည်ရှိနေသည်ကိုလည်းကောင်း စသည် စသည်ဖြင့် ဉာဏ်ဖြင့် ချင့်ချိန်သက်ဝင်ကြည့်က သိရှိနိုင်လေသည်။

ဗုဒ္ဓအဆုံးအမတည်မှုဟူသည် ဗုဒ္ဓအဆုံးအမအတိုင်း နေထိုင်မှု၊ လုပ်ကိုင်ဆောင်ရွက်မှု၊ ကြံစည်တွေးခေါ်မှုတို့ပင် ဖြစ်သည်။

သို့ဖြင့် သာသနာတော်မတည်တံ့ဘဲ ပျက်စီးခြင်းအကြောင်းတို့တွင် လေးနံပါတ်အဖြစ် သိက္ခာအဂါရဝ ကျင့်ဝတ်သိက္ခာပုဒ်တို့အပေါ်၌ မရိုသေမလေးစားပြုလုပ်မှုသည်လည်း သာသနာတော်မတည်တံ့ခြင်း၏ အကြောင်းတစ်ချက်အဖြစ် ပါဝင်လေသည်။

ကျင့်ဝတ်သိက္ခာများကို မရိုသေ မလေးစားမှုဟူသည် ကျင့်ဝတ်သိက္ခာပုဒ်များကို မကျင့်လိုခြင်းနှင့် မကျင့်သုံးခြင်းပင်ဖြစ်သည်။

ကျွန်တော်တို့အဖို့တွင်မူ နေ့စဉ် သတိထားရှောင်ကြဉ်သွားရမည့် ငါးပါးသီလနှင့် အခါအားလျော်စွာ ကျင့်သုံးဆောက်တည်ရမည့် ရှစ်ပါးသီလ၊ ကိုးပါးသီလ၊ ဆယ်ပါးသီလဟူသော ဥပုသ်သီလများ ရှိလေသည်။

ထိုကျင့်ဝတ်သိက္ခာပုဒ်များကို အရေးတယူ ဂရုတစိုက်နှင့် တတ်နိုင်သလောက် သတိဝီရိယထားကာ ပြုကျင့်လိုက်နာရပေမည်။ ထိုသို့ ပြုကျင့်လိုက်နာခြင်းသည် မိမိသန္တာန်၌ ဗုဒ္ဓအဆုံးအမတည်ခြင်း၊ သာသနာတည်ခြင်းပင် ဖြစ်လေသည်။

ထိုသို့မဟုတ်ဘဲ မိမိ၏ ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုတို့ကို သီလဟူသော အထိန်းအကွပ်မရှိဘဲ ပရမ်းပတာလွှတ်ထားမည်ဆိုက သိက္ခာအဂါရဝ-ကျင့်ဝတ်သိက္ခာပုဒ်တို့အပေါ် မရိုမသေ၊ မလေးစားရာကျလေသည်။ အပြောမှား၊ အဆိုမှား၊ အကြံမှား၊ အလုပ်မှားတွေ များသည်နှင့်အမျှ မိမိမှာလည်း ဆင်းရဲဒုက္ခအမျိုးမျိုးနှင့် လုံးချာလိုက်နေရုံသာမက သာသနာဆုတ်ယုတ်ခြင်းကိုပင် အားပေးရာကျနေပေမည်။

ထို့ကြောင့် သာသနာတည်တံ့ကြောင်းလည်းဖြစ်၊ မိမိအတွက်လည်း ဆင်းရဲဒုက္ခမကျနိုင်ကြောင်းလည်းဖြစ်သော ကျင့်ဝတ်သိက္ခာပုဒ်တို့ကို ရိုသေလေးစားမှုကိုလည်း နေ့စဉ်သတိထား၍ ပြုကျင့်လိုက်နာသွားသင့်ပေသည်။

## သမာဓိ စသည်အပေါ်မရိုသေမှု

ကျွန်တော်တို့သည် ယခုအခါ၌ သာသနာတော်ပျက်စီးဆုတ်ယုတ်စေနိုင်သည့်အချက်များကို ဖော်ပြရာ၌ "ဘုရားမရိုသေမှု၊ တရားမရိုသေမှု၊ သံဃာမရိုသေမှုနှင့် ကျင့်ဝတ်သိက္ခာအပေါ် မရိုသေမှု" များသည် ကျွန်တော်တို့ နေ့စဉ်တွေ့ကြုံနေရသော အချက်များ ဖြစ်သည်။

ထိုအချက်လေးချက်ကို ကျွန်တော်တို့အနေဖြင့် သွားရင်းလာရင်း၊ လုပ်ရင်းကိုင်ရင်း၊ စားရင်းသောက်ရင်းနှင့်ပင် မရိုသေရာမှန်သမျှကို ရှောင်သွားနိုင်ပေမည်။

ထို့ပြင် နံပါတ်(၅)အဖြစ် ဆက်လက်လေ့လာထားရမှာက သမာဓိအပေါ် မရိုမသေမှုပင်ဖြစ်သည်။ ဤအချက်မှာ ဈာန်သမာပတ်တရားတို့ကို မပွားများခြင်းနှင့် ပွားများအားထုတ်ရန် စိတ်လက်မပါခြင်းပင်ဖြစ်သည်။ အမှန်မှာ အခါအခွင့်သင့်တိုင်း ဈာန်သမာပတ်တရားကို ပွားများအားထုတ်ရပေမည်။ 'ငါနှင့် မဆိုင်၊ ငါဖြင့် ရမှာမဟုတ်' ဟူသော သဘောမျိုးမထားရချေ။

နံပါတ်(၆)မှာ အပ္ပမာဒခေါ် သတိတရားအပေါ်၌ မရိုသေမှုနှင့် နံပါတ်(၇)မှာ ပဋိသန္ထာရခေါ် အစေ့အစပ်ပြုမှု (ဝါ) ဆက်ဆံမှုအပေါ်၌ ဂါရဝပျက်မှုများဖြစ်သည်။ ဤအချက်များသည်လည်း သာသနာတော်ပျက်စီးနိုင်သည့် အချက်များပင်ဖြစ်သည်။

အပ္ပမာဒခေါ် သတိတရားရှိဖို့ကိုမူ ဗုဒ္ဓမြတ်စွာသည် သက်တော်ထင်ရှားရှိစဉ်ကလည်း "သတိနှင့်ပြည့်စုံအောင် နေကြဖို့" နေ့စဉ် မိန့်တော်မူသည်။ နောက်ဆုံး ပရိနိဗ္ဗာန်ဝင် စံခါနီးမှာလည်း "အပ္ပမာဒေနသမ္ပာဒေထ" "သတိနှင့် ပြည့်စုံအောင်နေထိုင်ကြ"ဟု အမိန့်တော်ရှိခဲ့သေးသည်။

**(ဆက်လက်ဖော်ပြပါမည်)**

# စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဟုမ္မလင်းမြို့ရှိ မွေးမြူရေး၊ စိုက်ပျိုးရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လိုက်လံကြည့်ရှုစစ်ဆေး

**မုံရွာ ဒီဇင်ဘာ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်သည် တာဝန်ရှိသူများနှင့်အတူ ဒီဇင်ဘာ ၁၀ ရက် နံနက်ပိုင်းတွင် ဟုမ္မလင်းမြို့၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် မွေးမြူရေးလုပ်ငန်း ဆောင်ရွက်နေသည့် နောင်ဖွတ်မော်စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းလီမိတက်အသင်းဝင် ဦးဆားနွမ်း မွေးမြူထားရှိသည့် အသားတိုးကြက် မွေးမြူရေးခြံသို့ ရောက်ရှိကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကြက်ခြံအတွင်းရှိ တစ်လသားအရွယ်နှင့် ၁၅ ရက်သားအရွယ် အသားတိုးကြက် အကောင် ၁၂၀၀ မွေးမြူထားရှိမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ကြက်ခြံပတ်ဝန်းကျင် သန့်ရှင်းသပ်ရပ်မှုရှိစေရေး၊ မွေးမြူထားသည့်ကြက်များတွင် ဖြစ်ပွားတတ်သည့် ရောဂါများ မဖြစ်ပွားစေရေး ကြိုတင်ကာကွယ်ရေး လုပ်ငန်းများဆောင်ရွက်သွားရေးနှင့် မွေးမြူရေး အစာများ ပြည့်စုံလုံလောက်စွာရရှိရေးတို့ကို ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဟုမ္မလင်းမြို့ ဦးမျိုးခိုင်အပါအဝင် တောင်သူ ၆၀ စိုက်ပျိုးထားသည့် ဆောင်းမြေပဲခင်း



၃၄ ဒသမ ၅၈ ဧကအတွင်း ပြုလုပ်သည့် ဆောင်းမြေပဲ အထွက်နှုန်းတိုးတက်ရေးအတွက် ရွက်ဖျန်းမြေဩဇာ သုံးစွဲနည်းကွင်းသရုပ်ပြပွဲသို့ တက်ရောက်ကာ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနရုံးမှ ဝန်ထမ်းများ၏ ရွက်ဖျန်း မြေဩဇာသုံးစွဲနည်းသရုပ်ပြသမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ကွင်းသရုပ်ပြပွဲသို့ တက်ရောက်လာကြသည့် ဒေသခံ တောင်သူများအား ဆေးဖျန်းပုံးများ၊ မြေဩဇာများနှင့် ရေဆင်းစပ်မျိုးနေကြာမျိုးစေ့များအား ပေးအပ်သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည့် ဟုမ္မလင်းမြို့နယ် ကက်သာ ကျေးရွာရှိ ဝါးအခြေပြုလူသုံးကုန်ပစ္စည်းများ ထုတ်လုပ်နေမှုလုပ်ငန်းခွင်သို့ရောက်ရှိရာ တာဝန်ရှိသူများက ဆန်ကော၊ ဆန်ခါခုံး၊ ခြင်းတောင်း၊ အုပ်ဆောင်း၊ ယပ်တောင်စသည့် ထုတ်ကုန်ပစ္စည်းများ ပြုလုပ်နေမှုအဆင့်ဆင့်ကို လိုက်လံရှင်းလင်းပြသရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ထုတ်ကုန်အချောထည်ပစ္စည်းများ ဈေးကွက်သို့ အချိန်မီရောက်ရှိနိုင်ရေးနှင့် ကုန်ကြမ်းပစ္စည်းများ ဈေးနှုန်းသက်သာစွာဖြင့် ရရှိရေးတို့ကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဟုမ္မလင်းမြို့ ခုတင် -၁၀၀ ဆံ့ ပြည်သူ့ဆေးရုံသို့ရောက်ရှိရာ ဆရာဝန်၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများအတွက် ဆေးရုံအုပ်ကြီးထံ စားသောက်ဖွယ်ရာများပေးအပ်ပြီး ဆေးရုံရှိဝန်ထမ်းများနှင့် ဆေးကုသနေသည့်လူနာများ သောက်သုံးရေ အဆင်ပြေစေရန်အတွက် စက်ရေတွင်းတူးဖော်မည့် မြေနေရာကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေးနေ့ (၁၆) ရက်တာလှုပ်ရှားမှု အထိမ်းအမှတ်အခမ်းအနားတက်ရောက်

**စစ်တွေ ဒီဇင်ဘာ ၁၁**

အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေးနေ့ (၁၆) ရက်တာလှုပ်ရှားမှု အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့ ခိုင်သဇင်ခန်းမ၌ ကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့်ဇနီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ပြည်နယ်အမျိုးသမီးကော်မတီအဖွဲ့ဝင်များ၊ လူမှုရေး အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က အကြမ်းဖက်ခံရသည့် အမျိုးသမီးများ ယာယီလုံခြုံရေးလိုအပ်ပါက ယာယီလက်ခံ စောင့်ရှောက်ပေးနိုင်ရေးအတွက် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ လားရှိုး၊ လွိုင်ကော်၊ မုံရွာနှင့် စစ်တွေ စုစုပေါင်း ခုနစ်မြို့တွင် One Stop Women Support Center-OSWSC များကို ဖွင့်လှစ်ထားရှိပြီး ဝန်ဆောင်မှုဆိုင်ရာလမ်းညွှန်ချက် Guideline ချမှတ်ကာ ဝန်ဆောင်မှုများ ပေးလျက်ရှိကြောင်း၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုနှင့်စပ်လျဉ်းပြီး ကြိုတင်ကာကွယ်ခြင်း၊ တားဆီးခြင်း၊ တုံ့ပြန်မှုပေးခြင်းလုပ်ငန်းစဉ်များကို ရခိုင်ပြည်နယ် အစိုးရအဖွဲ့အနေဖြင့် သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့်ပူးပေါင်းပြီး ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် အကြမ်းဖက်ခံရသူအမျိုးသမီးများအတွက် လိုအပ်သည့်အချိန်အတွင်းတွင် လိုအပ်သော ဝန်ဆောင်မှုများ လွယ်လင့်တကူ လက်လှမ်းမီရရှိနိုင်ရေး ကဏ္ဍအသီးသီးတွင် အားလုံးပါဝင်ခြင်းဖြင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများ လျော့နည်းပပျောက်ရေးကို ဦးတည်ဆောင်ရွက်ပေးကြရန် ပြောကြားသည်။



ထို့နောက် ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နှင်းဇာခြည်ဦးက အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ပပျောက်ရေးနေ့ (၁၆) ရက်တာ လှုပ်ရှားမှုအထိမ်းအမှတ်အခမ်းအနားနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ၂၀၂၄ ခုနှစ် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး (၁၆) ရက်တာ လှုပ်ရှားမှုအထိမ်းအမှတ် ဗီဒီယိုမှတ်တမ်းအား ပြသသည်။

**ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်**

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အခမ်းအနား တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အမှတ်(၄)လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့မှူးရုံး စားရိပ်သာ၌ ရဲတပ်ဖွဲ့ဝင်များနှင့်အတူ အထူးနေ့လယ်စာစားပွဲသို့ တက်ရောက်ပြီး ပြည်နယ်ဝန်ကြီးက အဖွင့်အမှာစကား ပြောကြားကာ ရဲတပ်ဖွဲ့ဝင်များနှင့်အတူ နေ့လယ်စာကို အတူတကွသုံးဆောင်ကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က ချီးမြှင့်ငွေကျပ် ၈၅ သိန်းအား ပေးအပ်ချီးမြှင့်ပြီး တပ်ဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။ **တင်ထွန်း(ပြန်/ဆက်)**

# ကရင်ပြည်နယ်ဝန်ကြီးချုပ် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ရေး ကွင်းဆင်းကြည့်ရှုအားပေး

**ဘားအံ ဒီဇင်ဘာ ၁၁**

ကရင်ပြည်နယ် သံလွင်ကမ်းဘေးတစ်လျှောက်ရှိ ကျေးရွာများနှင့် နုန်းတင်မြေနုကျွန်းများတွင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို တောင်သူများက တစ်ပိုင်တစ်နိုင်နှင့် စီးပွားဖြစ်လုပ်ကိုင်ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းက ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုအားပေးသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ဘားအံမြို့နယ် ကော့ဂွန်းရွာသစ်ကျေးရွာရှိ တောင်သူ ဦးအဟိုင်း၏ အသားစားနွား ကိုးကောင် မွေးမြူထားရှိမှုကို သွားရောက်ကြည့်ရှုအားပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဘားအံမြို့နယ် နှစ်ခြားကျေးရွာရှိ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေသော ဆောင်းဆီထွက်သီးနှံမြေပဲ စိုက်ခင်းများ၊ ရေကျော်ကြီးကျေးရွာရှိ တောင်သူ ဦးအဒစ်၏ အသားတိုးဝက် ၂၈ ကောင်မွေးမြူရေးခြံတို့အား သွားရောက်ကြည့်ရှုအားပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရေကျော်လေးကျေးရွာရှိအောင်မြင်ဖြစ်ထွန်းနေသော ပဲတီစိမ်း၊ မြေပဲ၊ ငရုတ်စိုက်ခင်းများကို ကြည့်ရှုအားပေးရာ တာဝန်ရှိသူများက ပြည်နယ်အတွင်း ယခုနှစ်တွင် မိုးပဲတီစိမ်းနှင့် ဆောင်းပဲတီစိမ်း စုစုပေါင်း ၆၈၁၀၀ ဧကစိုက်ပျိုးရန် လျာထားပြီး နိုဝင်ဘာလကုန်အထိ ၆၁၄၇၅ ဧက စိုက်ပျိုးပြီးစီးမှုနှင့် လျာထားဧကပြည့်မီကျော်လွန်ရေး ကွင်းဆင်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ပြည်နယ်ဝန်ကြီးချုပ်က စားရေရိက္ခာဖူလုံပိုလျှံရေး မြေလွတ်မြေလပ်မကျန် စဉ်ဆက်မပြတ် စိုက်ပျိုးလုပ်ကိုင်နိုင်ရေး တောင်သူစည်းရုံး ပညာပေးဆောင်ရွက်ကြရန် မှာကြားသည်။



ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဘားအံမြို့နယ် ရေကျော်(မကျီးကျွန်း) ကျေးရွာရှိ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေသော အစေ့ထုတ်ပြောင်း၊ ငရုတ်၊ ရုံးပတီ၊ ခရမ်းစိုက်ခင်းများကို ကြည့်ရှုအားပေးကြောင်း သိရသည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# မြစ်သားမြို့နယ်၌ ပဲယဉ်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း



မြစ်သား ဒီဇင်ဘာ ၁၁

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်တွင် ပဲကြီး၊ တိုင်ထောင်ပဲ၊ မတ်ပဲ၊ ကုလားပဲ၊ ပဲစင်းငုံ၊ ပဲယဉ်းစသည့် ပဲမျိုးစုံကို စီးပွားဖြစ်စိုက်ပျိုးလျက်ရှိပြီး ပဲယဉ်းသီးနှံကို ပခမ်း၊ ကျီတိုင်၊ နွားကူးလေးနှင့် ခင်လည်ကျေးရွာတို့၌ ၅၁၈ ဧကခန့် စိုက်ပျိုးထားကြောင်း ခရိုင်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၏ စာရင်းများအရ သိရသည်။

ပဲယဉ်းသီးနှံကို အောက်တိုဘာလတွင် စတင်စိုက်ပျိုးပြီး လေးလအကြာတွင် ရိတ်သိမ်းရကြောင်း၊ ပဲယဉ်းသီးနှံမျိုးအနေဖြင့် ပဲယဉ်းကြီးမျိုးနှင့် ပဲယဉ်းသေးမျိုးများကို စိုက်ပျိုးကြပြီး တစ်ဧကလျှင် မျိုးတစ်ပြည်ကျော် ကုန်ကျကြောင်း၊ စိုက်ပျိုးရာတွင် ထယ်ထိုး၍ မျိုးစေ့ကို ကြဲပက်စနစ်ဖြင့် စိုက်ပျိုးကြကြောင်း၊ ကုန်ကျစရိတ်မှာ မျိုး၊ သွင်းအားစု၊ အလုပ်သမားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်း ငွေကျပ် ၁၂၀၀၀၀ ခန့်ကုန်ကျကြောင်း၊ ယခင်နှစ်က တစ်ဧကလျှင် ၂၅-၃၀ တင်းခန့်ထွက်ရှိပြီး ပဲယဉ်းတစ်တင်းလျှင် ငွေကျပ် ၄၅၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ရာ ငွေကျပ် ၁၀ သိန်းကျော် အမြတ်ရရှိခဲ့ကြောင်း သိရသည်။

ဒီဇင်ဘာလ ဒုတိယပတ်တွင် ပဲယဉ်းတစ်တင်းလျှင် ငွေကျပ် ၉၀၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် တောင်သူများမှ မြစ်သားမြို့ပေါ်ရှိ သီးနှံပွဲရုံတို့သို့ တင်ပို့ရောင်းချလျက်ရှိပြီး ထိုမှတစ်ဆင့် မန္တလေး၊ ရန်ကုန်မြို့တို့သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ယခုအချိန်တွင် ပဲယဉ်းသီးနှံစိုက်ခင်းများမှာ အဖူးအပွင့်များဝေဆာ၍ အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး သီးနှံပေါ်ချိန်တွင် အထွက်နှုန်းကောင်းမွန်ကာ ဈေးကောင်းရရှိပါက အကျိုးအမြတ်များရရှိနိုင်မည်ဖြစ်ကြောင်း၊ ပဲယဉ်းသီးနှံမှာ စိုက်ပျိုးမှုကုန်ကျစရိတ်သက်သာ၍ အကျိုးအမြတ်ရရှိသောကြောင့် တောင်သူများအနေဖြင့် ပဲယဉ်းသီးနှံကို နှစ်စဉ် တိုးချဲ့စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

# မြို့သစ်မြို့နယ် ကွင်းကျေးရွာ၌ ခရမ်းချဉ်သီးများ ဈေးကောင်းရ၍ တောင်သူများ အဆင်ပြေ

မြို့သစ် ဒီဇင်ဘာ ၁၁

မကွေး တိုင်းဒေသကြီး မြို့သစ်မြို့နယ် ကွင်းကျေးရွာတွင် နှမ်း၊ မြေပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ ကုလားပဲနှင့် စားဖိုဆောင်သီးနှံဖြစ်သော ကြက်သွန်နီတို့ကို အများဆုံးစိုက်ပျိုးလျက်ရှိရာ ခရမ်းချဉ်သီးကို တောင်သူများအနေဖြင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။



ခရမ်းချဉ်သီးကို စက်တင်ဘာလ တတိယပတ်တွင် စတင်စိုက်ပျိုးပြီး ဒီဇင်ဘာလတွင် လှိုင်လှိုင် ထွက်ပေါ်လျက်ရှိကြောင်း၊ မျိုးအနေဖြင့် ထိုင်ဝမ်ခရမ်းချဉ်သီးမျိုးကို စိုက်ပျိုးပြီး တစ်ဧကလျှင် မျိုးစေ့ခြောက်ထုပ်ခန့် ကုန်ကျကြောင်း၊ ခရမ်းချဉ်သီးစိုက်ပျိုးရာတွင် မျိုးစေ့ကို အိတ်ဖြင့် ပျိုးထောင်ကာ ၂၀ ရက်သားအရွယ်တွင် မြေသို့ချ၍ တိုင်ထောင်စနစ်ဖြင့် စိုက်ပျိုးကြောင်း၊ ကုန်ကျစရိတ်မှာ မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် ငွေကျပ် ၂၈ သိန်းခန့် ကုန်ကျပြီး ပိဿာချိန် ၂၅၀၀-၂၈၀၀ ခန့်ထွက်ရှိကြောင်း၊ ဈေးနှုန်းအနေဖြင့် ဒီဇင်ဘာလ ပထမပတ်တွင် ခရမ်းချဉ်သီး လက်ကားဈေး တစ်ပိဿာလျှင် ငွေကျပ် ၅၀၀၀-၆၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပြီး တစ်ဧကလျှင် ငွေကျပ် ၉၇ သိန်းခန့် အမြတ်ရရှိကြောင်း၊ ဈေးကွက်အနေဖြင့် မကွေးမြို့ပေါ်ရှိ သီးနှံပွဲရုံများသို့ တင်ပို့ရောင်းချကြောင်း၊ ယခုနှစ် သီးနှံပေါ်ချိန်တွင် ရာသီဥတုပြောင်းလဲမှုကြောင့် ယခင်နှစ်နှင့်ယှဉ်လျှင် အထွက်နှုန်း လျော့နည်းသွားသော်လည်း ဈေးနှုန်းကောင်းမွန်၍ တောင်သူများ အကျိုးအမြတ်ရရှိကာ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

# တံတားဦးမြို့နယ်ထွက် ရာသီပေါ်ပဲမြစ်များ အရောင်းအဝယ်ကောင်း၍ အကျိုးအမြတ်ရ

တံတားဦး ဒီဇင်ဘာ ၁၁

မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ်တွင် စိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာ မကျီးတောကျေးရွာတွင် ပဲမြစ်များကို တစ်ပိုင်တစ်နိုင် စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

ပဲမြစ်ကို စနယ်မြေအမျိုးအစား မြေပေါ်တွင် အဓိကစိုက်ပျိုးလျက်ရှိပြီး ဇွန်လနှင့် ဇူလိုင်လတို့တွင် စတင်စိုက်ပျိုးကာ နိုဝင်ဘာလနှင့် ဒီဇင်ဘာလတို့တွင် တူးဖော်ရကြောင်း၊ မျိုးအနေဖြင့် မလှိုင်မျိုးနှင့် ဝက်ဝံမျိုးများကို စိုက်ပျိုးကြကြောင်း၊ ပဲမြစ်တစ်ဧကလျှင် မျိုးနှစ်တင်းခွဲခန့် စိုက်ပျိုးရပြီး မျိုးတစ်တင်းလျှင် ငွေကျပ် ၁၁၀၀၀၀-၁၂၀၀၀၀ ဖြင့် ဝယ်ယူရကြောင်း၊ ပဲမြစ်စိုက်ပျိုးရာတွင် မြေပေါင်များ ပြုလုပ်၍ အစေ့ချစိုက်ပျိုးကြကြောင်း၊ စိုက်ပျိုးမှုကုန်ကျစရိတ်အနေဖြင့် ပဲမြစ်တစ်ဧကလျှင် မျိုး၊ သွင်းအားစု၊ အလုပ်သမားခအပါအဝင် စုစုပေါင်းငွေကျပ် ၁၀ သိန်းခန့်ကုန်ကျပြီး ပိဿာချိန် ၆၀၀-၇၀၀ ခန့် ထွက်ရှိကြောင်း၊ ဒီဇင်ဘာလ ဒုတိယပတ်တွင် ပဲမြစ် တစ်ပိဿာလျှင် ငွေကျပ် ၅၀၀၀-၆၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ငွေကျပ် ၂၀-၂၅ သိန်းခန့် အကျိုးအမြတ်ရရှိကြောင်း၊ ဈေးကွက်အနေဖြင့် ထွက်ရှိလာသော ပဲမြစ်များကို တံတားဦးမြို့ပေါ်ရှိ သီးနှံပွဲရုံများမှတစ်ဆင့် ရန်ကုန်၊ မန္တလေး၊ နေပြည်တော်မြို့တို့သို့ အများဆုံး တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

တံတားဦးမြို့နယ်ထွက် ပဲမြစ်များသည် အခြားဒေသမှထွက်ရှိသော ပဲမြစ်များထက် အရွယ်အစားသေးငယ်ကာ အရသာပိုမိုကောင်းမွန်သည့်အတွက် အရောင်းအဝယ်ကောင်းမွန်လျက်ရှိပြီး အကျိုးအမြတ်ရရှိကြောင်း ပဲမြစ်စိုက်တောင်သူတစ်ဦးထံမှ သိရသည်။

# အထက်မင်းလှမြို့နယ် မယ်ဇလီတောကျေးရွာ၌ မေမြို့ပန်းများ တစ်နိုင်တစ်ပိုင် စိုက်ပျိုး

အထက်မင်းလှ ဒီဇင်ဘာ ၁၁

မကွေးတိုင်းဒေသကြီး အထက်မင်းလှမြို့နယ် မယ်ဇလီတောကျေးရွာတွင် ကြက်သွန်နီ၊ ဝါ၊ ပဲစင်းငုံ၊ ကုလားပဲ၊ ပဲကြီးသီးနှံတို့ကို ရာသီအလိုက် နှစ်စဉ်စိုက်ပျိုးလျက်ရှိပြီး မေမြို့ပန်းကိုလည်း တစ်နိုင်တစ်ပိုင် စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

မယ်ဇလီတောကျေးရွာ၌ မေမြို့ပန်းကို ဒီဇင်ဘာလ ပထမပတ်တွင် စတင်စိုက်ပျိုးပြီး အပင်သက်တမ်း နှစ်လအကြာတွင် မေမြို့ပန်းပင်များကို နုတ်ယူ၍ ရောင်းချရကြောင်း၊ မျိုးအနေဖြင့် မေမြို့ပန်းအဖြူမျိုးများကို အများဆုံးစိုက်ပျိုးကြပြီး စိုက်ပျိုးရာတွင် မျိုးစေ့များကို ပျိုးထောင်၍ ပျိုးပင်သက်တမ်း ၄၅ ရက်သားအရွယ်တွင် မြေချစိုက်ပျိုးရကြောင်း၊ ကုန်ကျစရိတ်မှာ မြေပြုပြင်ခ၊ ရေသွင်းခ၊ ပေါင်းသတ်ဆေးနှင့် အခြားသွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်း ငွေကျပ် ၁၄ သိန်းခန့် ကုန်ကျကြောင်း၊ ယခင်နှစ်က မေမြို့ပန်း တစ်ဧကလျှင် အပင်ရေ ၆၅၀၀၀-၇၀၀၀၀ ခန့် ထွက်ရှိခဲ့ပြီး မေမြို့ပန်းတစ်ပင်လျှင် လက်ကားဈေးနှုန်း ငွေကျပ် ၃၀-၄၀ ဖြင့် ရောင်းချရ၍ ငွေကျပ် ၁၁ သိန်းကျော် အမြတ်ရရှိကြောင်း၊ ဈေးကွက်အနေဖြင့် အထက်မင်းလှမြို့နယ်ရှိ မလွန်ဈေးနှင့် မန်းသံပုရာကန် ရေနံချက်စက်ရုံဈေးတို့သို့ တင်ပို့ရောင်းချကြကြောင်း၊ မေမြို့ပန်းများ ထွက်ပေါ်ချိန်တွင် အထွက်နှုန်းကောင်းမွန်၍ ဈေးကောင်းရရှိပါက အကျိုးအမြတ်ပိုမိုရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းရင်းမြစ် - စီးပွား/ကူးသန်း**

## ၁၁-၁၂-၂၀၂၄ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ်၊ မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်း) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၆၀၀ | | ၉၅၀၀ | ၂၆၀၀၀ | ၁၀၀၀၀ | ၂၄၀၀၀ | ၇၀၀၀ | ၂၃၀၀၀ | ၂၇၀၀၀ | ၁၁၀၀၀ | ၁၂၀၀၀ | ၃၀၀၀ | ၁၅၀၀၀ | ၁၃၀၀၀ | ၁၂၀၀၀ | ၁၀၀၀၀ | ၁၀၀၀၀ | ၄၀၀၀၀ | ၄၀၀၀၀ | ၂၈၀၀၀ | ၃၅၀၀၀ | ၂၈၀၀၀ |
| ၂ | ကျိုင်းတုံ | ၅၅၀၀ | | ၈၀၀၀ | ၂၂၀၀၀ | - | ၁၉၀၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၁၉၀၀၀ | ၁၄၀၀၀ | ၆၅၀၀ | ၂၀၀၀ | ၁၂၀၀၀ | ၁၀၀၀၀ | ၉၀၀၀ | ၆၀၀၀ | ၇၀၀၀ | ၁၉၀၀၀ | ၃၃၀၀၀ | ၃၀၀၀၀ | | ၁၆၀၀၀ |
| ၃ | တောင်ကြီး | ၃၆၀၀ | ၃၄၀၀ | ၇၃၀၀ | ၂၀၀၀၀ | ၈၂၃၅ | ၁၇၅၀၀ | ၅၀၀၀ | ၁၇၀၀၀ | ၁၃၀၀၀ | ၇၀၀၀ | ၇၀၀၀ | ၁၀၀၀ | ၁၁၀၀၀ | ၈၅၀၀ | ၅၅၀၀ | ၈၅၀၀ | ၅၅၀၀ | ၂၁၀၀၀ | ၃၀၀၀၀ | ၂၃၅၀၀ | ၃၀၀၀၀ | ၂၀၀၀၀ |
